# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားခွဲတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ် (၀၉၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်



နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အားကစားအသင်း


*စာမျက်နှာ ၃ ကော်လံ ၁* ✪


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။


ယနေ့ *ဖတ်စရာ*

**တင်းမာသည့် ညွန့်ပေါင်းအစိုးရနှင့်အတူ ဝန်ကြီးချုပ်ဟောင်း နေတန်ယာဟု ဝန်ကြီးချုပ်အဖြစ် ပြန်လာ**



နိုင်ငံတကာသတင်း စာ ၁၃

**တရုတ် - မြန်မာ - အိန္ဒိယ သမုဒ္ဒရာလမ်းကြောင်းသစ်မှ တစ်နှစ်တာအတွင်း ကုန်စည်ပို့ဆောင်မှုပမာဏ တန်ချိန် ၂၁၈၀၀ ပို့ဆောင်နိုင်ခဲ့**

ကုန်သွယ်စီးပွား စာ ၁၄

*(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး*

**စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်**

ဆောင်းပါး စာ ၁၆

# နိုင်ငံသားတို့အတွက် အခွင့်အရေး

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအတည်ပြုထုတ်ပြန်နိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲပေးခဲ့သည့် နိုင်ငံဖြစ်သည်။ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည့် အခြေခံစံနှုန်းများဖြစ်ပြီး မိမိတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးတို့ကိုလည်း အသိအမှတ်ပြု လေးစားတန်ဖိုးထားခြင်း၊ တန်းတူရည်တူရှိစေခြင်းတို့လည်း လိုအပ်သည်။

လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ "လူ့အခွင့်အရေးဆိုသည်မှာ လူတစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ၎င်းတို့၏ အခြေခံလွတ်လပ်ခွင့်များနှင့် သက်ဆိုင်သည့် တရားရေးဆိုင်ရာ အာမခံချက်ဖြစ်သည်။" ဟု ကုလသမဂ္ဂက အနက်အဓိပ္ပာယ်ဖွင့်ဆိုထားရာ နိုင်ငံအစိုးရများအနေဖြင့် မိမိတို့နိုင်ငံနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးအတွက် ဥပဒေဖြင့် အာမခံချက်ပေးရန် တာဝန်ရှိသည်ကို ပြဆိုနေခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေး စံများကို ထည့်သွင်းရေးဆွဲထားပြီး "မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ"ကို ပြဋ္ဌာန်း၍ နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေး စသည်တို့ဖောက်ဖျက်ခံရသူများအနေဖြင့် တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားရန် လိပ်စာ၊ တိုင်ကြားရမည့် နည်းလမ်းများ စသည်တို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မီဒီယာနည်းလမ်းများဖြင့် အသိပေးဆော်ဩလျက်ရှိသည်။

ကုလသမဂ္ဂလူ့အခွင့်အရေး အခြေခံစံနှုန်းများကို အချက် ၃၀ ပြဋ္ဌာန်းထားသော်လည်း လူ့အခွင့်အရေး၏ အခြေခံအကျဆုံးအဓိပ္ပာယ်ကို ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း (Freedom from Fear) နှင့် တောင့်တခြင်းမှ ကင်းဝေးခြင်း (Freedom from Wants) ဟူ၍လည်း ဖွင့်ဆိုထားရာ ငြိမ်းချမ်းသာယာမှသာ လူ့အခွင့်အရေးတို့ ရှင်သန်နိုင်သည်ကို သတိမူကြရမည်ဖြစ်သည်။ နိုင်ငံအတွင်း နိုင်ငံသားတို့၏ မူလအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး စသည်တို့ဖောက်ဖျက်ခံရခြင်းတို့ ကြုံတွေ့ခံစားရပါက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ စနစ်တကျတိုင်ကြားခြင်းဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းပေးထားသည့် ဥပဒေပါအခွင့်အရေးတို့ကို ရယူကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။
၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။
၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။
၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## တောင်ကုတ်တက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**တောင်ကုတ် ဒီဇင်ဘာ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တောင်ကုတ်တက္ကသိုလ်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက တက္ကသိုလ်၏ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းလွင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီမံအရာရှိများနှင့် ပထမနှစ် မောင်မယ်သစ်လွင် ၁၁၁၈ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က တက္ကသိုလ်နှင့် ပတ်သက်သော သိသင့်သိထိုက်သည်များ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် စည်းကမ်း၊ စနစ်၊ စိတ်ဓာတ်၊ စေတနာနှင့် စံပြဖြစ်အောင် ကြိုးစားကြစေလိုကြောင်း မှာကြားပြီး ဒုတိယ ပါမောက္ခချုပ် (သင်တန်း) ဒေါက်တာ ချိုချိုလွင်က သင်တန်းရေးရာနှင့် ပတ်သက်သည်များကို ပြောကြားသည်။

ယင်းနောက် ဝိဇ္ဇာဘာသာရပ်များနှင့်ပတ်သက်သော သိကောင်းစရာများကို ပထဝီဝင် ပါမောက္ခဌာနမှူး ဒေါက်တာစန်းစန်းခိုင်က လည်းကောင်း၊ သိပ္ပံဘာသာရပ်နှင့် ပတ်သက်သော သိကောင်းစရာများကို သတ္တဗေဒ ပါမောက္ခဌာနမှူး ဒေါက်တာ အိခိုင်ဝင်း က လည်းကောင်း၊ စာကြည့်တိုက်နှင့် ပတ်သက်သော သိကောင်းစရာများကို လက်ထောက်စာကြည့်တိုက်မှူး ဒေါ်ဝင်းဝင်းရွှေတို့က ပြောကြားကြသည်။



ဆက်လက်၍ နိုင်ငံတော်အဆင့် အဆိုပြိုင်ပွဲ၊ ပြည်နယ်အဆင့် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲနှင့် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းလွင် (ဝဲပုံ)နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ နီလာအောင် တို့က ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၃၀ – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## အသိပေးနှိုးဆော်ချက်

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် နေပြည်တော်ကောင်စီမှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။
၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ကောင်စီ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

✪ ရှေ့ဖုံးမှ

များအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**အနိုင်ရဗိုလ်စွဲ**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံအသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၁၅ မိနစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အဖွင့်ဂိုးရရှိခဲ့ပြီး ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၁၉ မိနစ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ချေပဂိုးပြန်လည်သွင်းယူ နိုင်ခဲ့သောကြောင့် ပထမပိုင်း ၄၅ မိနစ်ပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျခဲ့သည်။ ယင်းနောက် နှစ်ဖက်အပြန်အလှန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဒုတိယပိုင်းပွဲကစားချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သုံးဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့ကြသည့် အားကစားသမားများကို ကောင်စီဝင်များ ဖြစ်ကြသည့် ဦးမောင်းဟာ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးခင်မောင်ဆွေနှင့် မန်းငြိမ်းမောင်တို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသင်းလိုက် စတုတ္ထဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက လည်းကောင်း၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း စတုတ္ထဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခင်မောင်ဆွေ အကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် အကောင်းဆုံး အားကစားသမားဆု ရရှိသည့် အားကစားသမား တစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

## ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၃၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့
စည်သူဘွဲ့

၁။ ဦးလှမောင် နိုင်ငံတော်ကောင်စီဝင်

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

*စာမျက်နှာ ၃ မှ*

ယင်းနောက် ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကိုပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### တံခွန်စိုက်ဖလားဆုရရှိ

မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၁၆ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဖလားဆုကို ရရှိခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် မိတ်ဆုံစားပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများကို မိသားစုသဖွယ် အသိအမှတ်ပြုသောအားဖြင့် မိတ်ဆုံနေ့လယ်စာ စားပွဲများ လစဉ်ကျင်းပပေးလျက်ရှိရာ ယနေ့မွန်းတည့် ၁၂ နာရီတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ တတိယအကြိမ် မိတ်ဆုံစားပွဲကို အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျရာအခန်းကဏ္ဍ အသီးသီး၌ သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းသည် ဝန်ထမ်းများအားလုံး၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း၊ ယခုလို မိတ်ဆုံစားပွဲမှတစ်ဆင့် မိမိတို့၏လုပ်ငန်းအတွေ့အကြုံများကို ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် တိုင်ပင်ညှိနှိုင်း ဆွေးနွေးနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ရာထူးအဆင့်အလိုက် ကျရာကဏ္ဍအသီးသီးမှ ညီညွတ်စွာဖြင့် ပိုင်းဝန်းလက်တွဲ၍ ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ မိတ်ဆုံနေ့လယ်စာအား လက်ရည်တစ်ပြင်တည်း သုံးဆောင်သည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာ စားပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



### မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ကျိုက်လတ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်းဖွင့်လှစ်

**ကျိုက်လတ် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက် သင်တန်းဖွင့်ပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြစနှီခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကျိုက်လတ်မြို့နယ် လူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက်မှ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်အတွက် အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အခြေခံ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍဖြစ်သဖြင့် မြေပြင်တွင် မှန်မှန်ကန်ကန် စနစ်တကျကောက်ယူနိုင်ရန် ယခုကဲ့သို့ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်လတ်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းဆွေက ကော်မတီများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၈၇ ခုတို့မှ သင်တန်းသားသင်တန်းသူ ၄၀၀ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

"အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။"

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)



ပုဂံရှုခင်းအလှ ဓာတ်ပုံ - ဦးနေလင်း(ပြန်/ဆက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရုံးအမှတ် (၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun တို့သည် မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၃၀**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် သဝဏ်လွှာဖတ်ပွဲ၊ မနောအကနှင့် အတူ ဒေသထုတ်ကုန်ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများဖြင့် မြစ်ကြီးနားမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဦးဆောင်ကျင်းပသည့် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။ **(ဝဲပုံ)**



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းက (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားများကို ယခင်နှစ်က တွေ့ကြုံခဲ့သည့် အားနည်းချက်/ အားသာချက်များအပေါ် ဆပ်ကော်မတီအသီးသီးအနေဖြင့် လေ့လာသုံးသပ်ပြီး ယခုနှစ်တွင် ပိုမိုကောင်းမွန်စွာ၊ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရိုးရာအစဉ်အလာနှင့်အညီ မနောအကဖြင့် ကျင်းပနိုင်ရေး မနောကွင်းငယ် တည်ဆောက်သွားမည့် အစီအမံများ၊ ဇန်နဝါရီ ၉ ရက်မှစတင်၍ မနောအကဖြင့် ဖွင့်လှစ်သွားမည့် အစီအမံများ၊ ဒေသထုတ်ကုန်ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ တည်ဆောက်ထားရှိမှုအခြေအနေနှင့် မြန်မာ့ရိုးရာလက်ဝှေ့အားကစားတွင် နာမည်ကြီး လက်ဝှေ့သမားများ ခေါ်ယူရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည့် အစီအမံများနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအတွက် ဂုဏ်ထူးဆောင် ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည့် အစီအစဉ်များကို ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု အသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်





**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာတို့၏ ရိုးရာအမွေအနှစ် ကိုယ်ခံပညာတစ်ရပ်ဖြစ်သည့် မြန်မာ့သိုင်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့သိုင်းပညာရပ်များ နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က သိုင်းပညာရပ်သည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သောကြောင့် ပျောက်ပျက်မသွားစေရေး၊ အခြားနိုင်ငံများ၏ ပညာရပ်များ ရောနှောမသွားစေရေးအတွက် ပညာရှင်အချင်းချင်း စည်းလုံးညီညွတ်စွာ ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် ခေတ်နှင့်အညီ ပြန့်ပွားတိုးတက်ရေးကို နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့သိုင်းပညာသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးပါသည့်အပြင် မြန်မာ့ရိုးရာအမွေအနှစ် ကိုယ်ခံပညာရပ် တစ်ရပ်အနေဖြင့်လည်း အလေးအနက်ထားထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော မြန်မာ့သိုင်းပညာရှင်များနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က လူငယ်လူရွယ်တိုင်း မြန်မာ့ရိုးရာသိုင်းပညာကို စိတ်ပါဝင်စားစွာ လေ့ကျင့်ကစားလာကြစေရန်အတွက် စည်းရုံးဆောင်ရွက်ပြီး လက်ဆင့်ကမ်း လေ့ကျင့်သင်ကြားပေးရန် မှာကြားလိုကြောင်း။

ပြိုင်ပွဲတွင် တာဝန်ယူဆောင်ရွက်မည့် ဒိုင်လူကြီးများအနေဖြင့် ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့်လည်း မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့်အသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အားကစားစွမ်းရည်များကို ဖော်ထုတ်ပြသ၍ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေးဘဲ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး ရိုးရာအမွေအနှစ်ကို ဆက်ခံထိန်းသိမ်းနိုင်သော နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မြန်မာ့သိုင်းအားကစားသမားကောင်းများ၊ သိုင်းပညာရှင်များဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားကာ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက နိုင်ငံတော်သီချင်းသီဆိုပြီး အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ မြန်မာ့သိုင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ် ) အမျိုးသား/ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကြိုဆို အုတ်တွင်း၌ ဧက ၁၀၀ စံပြလယ်ယာကုန်ထုတ်လမ်းသစ်ဖွင့်

**အုတ်တွင်း ဒီဇင်ဘာ ၃၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ သရက်ကုန်းကျေးရွာ ဧက ၁၀၀ စံပြလယ်ယာကုန်ထုတ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်က စံပြလယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်ပေးရခြင်းနှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများအတွက် အကျိုးပြုမှုများကို ပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ လယ်ယာထွက်ကုန်များ အချိန်တိုအတွင်း ကုန်ကျစရိတ် အနည်းဆုံးဖြင့် ဈေးကွက်သို့ ပို့ဆောင်နိုင်စေရန်၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေး တောင်သူနှင့် ဈေးကွက်ကို ချိတ်ဆက်ပေးနိုင်ရန်အတွက် ပထမခြေလှမ်းအဖြစ် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး တောင်သူတစ်ဦးက စံပြလယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်ပေးခြင်းအတွက် ကျေးရွာနေပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဧက ၁၀၀ စံပြလယ်ယာ ကုန်ထုတ်လမ်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းလှိုင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး မြင့်ဇော်တို့က အဆိုပါလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုန်ထုတ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



အဆိုပါ ကုန်ထုတ်လမ်းသည် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ၅၁ ဒသမ ၇၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် လမ်းအရှည်ပေ ၆၈၉၀ ရှိ ကျောက်ရောမြေလမ်း အမျိုးအစားဖြစ်ကြောင်း၊ ဧက ၁၀၀ စံပြလယ်ယာ ကုန်ထုတ်လမ်းကို ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်မှ စတင်ဆောင်ရွက်ပြီး ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## လွတ်လပ်ရေး၏အနှစ်သာရ

* ရောက်ရှိလာ စိန်ရတု
အောင်မြင်မှု ပွဲတော်သည်။
တိုင်းလုံးပြည်ကျော် ခြိမ့်ခြိမ့်သဲ
အောင်ပွဲဖြစ်တည်။
လွတ်လပ်ရေးနေ့ ချိန်ခါညီ
တို့တိုင်းပြည် တို့အောင်ပွဲ။
လွတ်လပ်ပြီ အနှစ်သာရ
ကျင်းပဆင်နွှဲ။

* ဘိုးဘွားတွေ ရယူပေး
လွတ်လပ်ရေး ကောင်းမွေစံ။
ထိန်းသိမ်းကာ စောင့်ရှောက်ရေး
မနှေးဧကန်။
နိုင်ငံတော် ကာကွယ်ရန်
ရဲစိတ်မာန်လူငယ်အပေါင်း။
ကောင်းမွေစံ ကောင်းမွေဆက်လို့
တက်ကြွစေကြောင်း။

* အတိတ်ကို ပြန်ကာကြည့်
မြဲသတိ ရှိစေချင်။
တပ်မတော်အင်အားနည်း
နွံထဲသို့ဝင်။
ကိုယ့်နိုင်ငံနဲ့ကိုယ်အရှင်
ကိုယ့်ကိုပင် မပိုင်စိုး။
အချုပ်အခြာအာဏာမဲ့တယ်
ဖြစ်ခဲ့ဆိုးကျိုး။

* ငါ့နိုင်ငံ ငါ့လူမျိုး
ငါမြတ်နိုးလို့ ကာကွယ်မည်။
ငါ့ပြည်ကို လာမထိနဲ့
သတ္တိရှိသည်။
သွေးအသက်ပေးဆက်မည်
ငါ့နိုင်ငံသည် ငါ့အသည်းနှလုံး။
လူငယ်တွေ သည်စိတ်ဓာတ်နဲ့
မြင့်မြတ်စံနှုန်း။

**အာကာမောင်မောင်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် တီးတိန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ ကျောက်မဲမြို့၊ ဟဲဟိုးမြို့၊ ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုင်းယန်းမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ကွမ်းလုံမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ ကံစမ်းမဲဖွင့်ဖောက်ခြင်း၊ စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများ၏ ဒေသရိုးရာအစားအစာများဖြင့် ကျွေးမွေးဧည့်ခံခြင်း၊ ဒေသထွက် အမှတ်တရပစ္စည်းများ ရောင်းချခြင်းနှင့် နိုင်ငံကျော်အဆိုတော်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေခြင်း အခမ်းအနားများကို ယနေ့တွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရုံးအမှတ် (၂၇) ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ပြီး ဝန်ထမ်းများကို နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲ ကံစမ်းမဲဖွင့်ဖောက်နေမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများ၏ နိဗ္ဗာန်ဈေးနှင့် အမှတ်တရပစ္စည်း ရောင်းချခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ညပိုင်းတွင် ကြွရောက်လာသည့် ဧည့်သည်တော်များနှင့် ဝန်ထမ်းများကို နိုင်ငံကျော်အဆိုတော်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# “ဝ”အထူးဒေသ(၂)မိုင်းမောမြို့၌ ပန်းခင်းစီမံချက်အဆင့်(၂)စတင်ခြင်း အခမ်းအနားပြုလုပ်

**ဟိုပန် ဒီဇင်ဘာ ၃၀**

ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က “ဝ” အထူးဒေသ (၂)၊ မိုင်းမောမြို့ မြို့နယ်ခန်းမ၌ ပန်းခင်းစီမံချက်အဆင့် (၂)စတင်ခြင်းအခမ်းအနားပြုလုပ်သည်။

အခမ်းအနားတွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က နိုင်ငံတော်အစိုးရ၏ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ “ဝ” အထူးဒေသ(၂) အတွင်း ဆက်လက် ဆောင်ရွက်ပေးမည့် အခြေအနေများကို အသိပေးရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဟိုပန်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးမျိုးညွန့်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် “ဝ”အထူးဒေသ(၂)၊ နမ့်တစ်မြို့တွင် ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကာ ယခုအခါ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်သို့ ဆက်လက်ဆောင်ရွက်ပေးသွားမည်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ရေချွေတာရေး နည်းလမ်းများ**

- အဝတ် အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက် အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင် ပိတ်ပါ။
- ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# သဘင်္ဘောသားများအတွက် ဘဏ်ဝန်ဆောင်မှုများအကြောင်း သိကောင်းစရာဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ ပင်လယ်ကူးသင်္ဘောသားများအတွက် ဘဏ်ဝန်ဆောင်မှုများအကြောင်း သိကောင်းစရာဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရိုးမဘဏ် Head of Working Capital Solutions မှ ကိုအောင်စိုးမင်းက ပင်လယ်ကူးသင်္ဘောသားများအတွက် အကောင်းမွန်ဆုံး ငွေလဲလှယ်နှုန်းဖြင့်ပေးအပ်သွားမည့် သင်္ဘောသားနိုင်ငံခြားငွေစာရင်းနှင့် ရိုးမဘဏ်နှင့်အခြားဘဏ် ATM များတွင် အလွယ်တကူ ငွေထုတ်ယူနိုင်သည့် Flexi Everday အကောင့်ဖွင့်လှစ်ပေးခြင်း၊ ပြည်ပလစာငွေဝင်ရောက်မှုများအတွက် ဝန်ဆောင်ခကင်းလွတ်ခွင့်ပေးခြင်း၊ သင်္ဘောသားများအတွက် Hire Purchase နှင့် အိမ်ရာချေးငွေများကို ပိုမိုလျော့နည်းသော ကနဦး ပေးသွင်းငွေနှင့် ဘဏ်ဝန်ဆောင်ခ ကင်းလွတ်ခွင့်ရမည့် အခွင့်အရေးများနှင့် အခြားဘဏ်ဝန်ဆောင်မှုများ အကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။



ထို့နောက် တက်ရောက်လာကြသည့် ပင်လယ်ကူး သင်္ဘောသားများနှင့်မိသားစုဝင်များက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ ယင်းနောက် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ပင်လယ်ကူးသင်္ဘောသားများနှင့်မိသားစုဝင်အတွက် သင်္ဘောသားနိုင်ငံခြားငွေစာရင်းနှင့် ဘဏ်ဝန်ဆောင်မှုများအကြောင်း၊ အိမ်ရာချေးငွေများအကြောင်းတို့ကို ရှင်းလင်းပြောကြားသွားသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

**မျိုးမင်းသူရ**

# မြေခွန်တော်များကို နှစ်စဉ်အချိန်မီ ပေးဆောင်ကြရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းများလိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမြေများ ထိခိုက်လျော့ပါးမှုမရှိစေရန် မြေယာမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အကျိုးရှိစွာ အသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးကိုလည်း စနစ်တကျ အားပေးမြှင့်တင်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၉)ကြိမ်မြောက် အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်လုပ်ရရှိသကဲ့သို့ မွေးမြူရေးတိရစ္ဆာန် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်သော အပြန်အလှန်ဆက်စပ် အကျိုးပြုနေသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME)များ၏ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်ပြီး ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေရန် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ စီမံဆောင်ရွက်ကြရန် လိုကြောင်း၊ ယင်းလုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းကို ဖတ်ကြားတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းရပ် အသီးသီးအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ဧက ၁၉၀၀၀၀ ကျော် ခွင့်ပြုထားရှိခဲ့ကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စီမံခန့်ခွဲရေး ကော်မတီများမှ ခွင့်ပြုဧရိယာဧက ၂၃၀၀၀၀ ကျော် စုစုပေါင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ခွင့်ပြုဧရိယာဧက ၄၃၀၀၀၀ ကျော် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးခဲ့ပြီးဖြစ်သည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမှန်တကယ်စီးပွားဖြစ် လုပ်ကိုင်လိုသူများ၊ တစ်နိုင်တစ်ပိုင် လုပ်ကိုင်လိုသူများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးလျက်ရှိရာ တစ်ဧကလျှင် အာမခံကြေးအား ၁၀၀၀၀ ကျပ် ပေးသွင်းရပြီး အကောင်အထည်ဖော် လုပ်ကိုင်ခွင့် တည်မြဲမြဲပြီးစီးခဲ့ပါက အဆိုပါ ပေးသွင်းထားသည့် အာမခံကြေးအား ပြန်လည်ထုတ်ပေးခြင်း၊ မြေလွတ်၊ မြေရိုင်းအား တည်ဆဲဥပဒေများနှင့်အညီ ပိုင်ရေးဆိုင်ခွင့်များ ပေးအပ်ခြင်းဖြစ်၍ မြေတန်ဖိုး ကုန်ကြရန်မရှိဘဲ မြေပိုင်ဆိုင်မှုအခွင့်အရေးရရှိနိုင်သဖြင့် နိုင်ငံတော် အစိုးရက အခမဲ့ပေးဝေချထားသည့် မြေအပေါ် သတ်မှတ်မြေခွန်တော်ကို ကြွေးကျန်မရှိစေဘဲ အပြည့်အဝပေးသွင်းရန်နှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်သည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်အသုံးပြုခြင်းအတွက် ကောက်ခံသည့် မြေခွန်တော်အနေဖြင့် တစ်ဧကလျှင် နှစ်ရှည်သီးနှံစိုက်ပျိုးရေးအတွက် ကျပ် ၃၀၀၀၊ ဥယျာဉ်ခြံသီးနှံအတွက် ကျပ် ၂၀၀၀ ၊ ရာသီသီးနှံအတွက် ကျပ် ၁၀၀၀၊ မွေးမြူရေးလုပ်ငန်းတွင် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူခြင်းအတွက် ကျပ် ၃၀၀၀၊ အခြားတိရစ္ဆာန်မွေးမြူပါက ကျပ် ၁၀၀၀၊ ဓာတ်သတ္တုအပါအဝင် အခြားလုပ်ငန်းများအတွက် ကျပ် ၅၀၀၀ မျှသာ သတ်မှတ် ကောက်ခံလျက်ရှိရာ အမှန်တကယ် လုပ်ငန်းဆောင်ရွက်သူများအတွက် အလွယ်တကူ ပေးဆောင်နိုင်သည့် ပမာဏမျှသာဖြစ်၍ မြေခွန်တော်များကို နှစ်စဉ်အချိန်မီ ပေးဆောင်ကြရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ကြောင်းနှင့် မြေခွန်တော်ပေးဆောင်ရန် ပျက်ကွက်သူများကိုလည်း ဖော်ထုတ်အရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# နေပြည်တော်သည် မြန်မာနိုင်ငံ၏ အလယ်ဗဟို၌ တည်ရှိနေသည့်အတွက် ခရီးစဉ်ဒေသများသို့ သွားရောက်ရာတွင် အချိန်တိုတိုဖြင့် ရောက်ရှိနိုင် ဟိုတယ်နှင့်တည်းခိုရိပ်သာများ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းသော ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရေးအတွက် ဂရုပြုဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃၀

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းက မင်္ဂလာသီရိဟိုတယ်၌ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ တာဝန်ခံများ၊ အထွေထွေမန်နေဂျာများနှင့် ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်သည်မြန်မာနိုင်ငံ၏ဗဟိုချက်မမြို့တော်ဖြစ်ကာ မြို့တည်ဆောက်ခဲ့စဉ်က မြို့ပြစီမံကိန်းများနှင့်အညီ စနစ်တကျ အကွက်ချတည်ဆောက်ထားခဲ့ပါကြောင်း၊ ယင်းအပြင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင်လည်း ဟိုတယ်ဇုန်များ၊ ခရီးသွားဆွဲဆောင်ရာနေရာများနှင့် အပန်းဖြေအနားယူနိုင်မည့်နေရာများကို စနစ်တကျ သတ်မှတ်အကောင်အထည်ဖော်ထားရှိခဲ့ပါကြောင်း၊ နေပြည်တော်သို့ လာရောက်မည့် နိုင်ငံတကာမှ အကြီးအကဲများ၊ သံတမန်များနှင့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးစွမ်းနိုင်ရန် ဟိုတယ်အနည်းငယ်ဖြင့်သာ စတင်ခဲ့ရာမှ ယနေ့အချိန်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၉၉လုံးနှင့် အခန်းပေါင်း ခြောက်ထောင်ကျော်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ နေပြည်တော်၌ နိုင်ငံတကာအခမ်းအနားများ၊ အစည်းအဝေးများ လက်ခံကျင်းပခြင်းသာမက နိုင်ငံတော်အဆင့် အခမ်းအနားများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များကို ဖိတ်ကြားကာ အဆင့်အတန်းမီစွာ ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတွက် ဟိုတယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီဟိုတယ်များဖြစ်နေရန် အရေးကြီးပါကြောင်း၊ ပထဝီဝင်အနေအထားအရ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အလယ်ဗဟို၌ တည်ရှိနေသည့်အတွက် ခရီးသွားဧည့်သည်များအနေဖြင့် အခြားခရီးစဉ်ဒေသများသို့ သွားရောက်ရာတွင် အချိန်တိုတိုဖြင့် ရောက်ရှိနိုင်သော အားသာချက်များရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ရှိနေသည့်အတွက် ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်သော အလားအလာများရှိသည့်အတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေးအတွက် ဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နေပြည်တော်ရှိ ဟိုတယ်အချို့သည် လာရောက်တည်းခိုမည့် ဧည့်သည်များကို ကိုယ်တိုင်ကိုယ်ကျ ကျွေးမွေးဧည့်ခံနိုင်ရန် ဟိုတယ်တွင်း၌ အော်ဂဲနစ်စိုက်ခင်းများ၊ စိုက်ပျိုးရေးခြံများ တစ်နိုင်တစ်ပိုင် ဆောင်ရွက်ထားရှိသည့်အတွက် ကျန်ဟိုတယ်များအနေဖြင့်လည်း လိုက်ပါဆောင်ရွက်နိုင်ရေး ကြိုးစားသွားကြစေလိုပါကြောင်း၊ ဟိုတယ်များအနေနှင့် ဧည့်သည်များ နေထိုင်ချင်စဖွယ်၊ လည်ပတ်ချင်စဖွယ်ဖြစ်အောင် သန့်ရှင်းသာယာလှပရေး၊ ဝတ်စားဆင်ယင်မှု၊ ဝန်ဆောင်မှုတို့ကို ကောင်းမွန်အောင် ပြင်ဆင်သွားကြရန် လိုအပ်ပါကြောင်း၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရာတွင် အတွင်းအပြင် ပရိဝုဏ်များသာမက မြေထိန်းနံရံများ ယိုယွင်းပျက်စီးနေမှုများကိုပါ ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ နေပြည်တော်ရှိ ဟိုတယ်များ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှု ရှိနေစေရေးအတွက် Campaign ပုံစံ ချမှတ်လုပ်ဆောင်ကြရန် လိုအပ်သဖြင့် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။





ဆက်လက်၍ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက ဟိုတယ်များအလိုက် သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ အပင်များအလင်းဖွင့်ထားရေးနှင့် ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် ညအချိန်ရောင်စုံမီးလုံးများ ထွန်းလင်းထားရှိရေးနှင့် ဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာသီရိဟိုတယ်၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိသော အော်ဂဲနစ်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပေါက်တောမြို့နယ် သရက်ကျေးရွာဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

ပေါက်တော ဒီဇင်ဘာ ၃၀

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သရက်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာဝင်လမ်း ကွန်ကရစ်ခင်းခြင်းအား နိုင်ငံတော်ထောက်ပံ့ငွေ ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ၂ ဒသမ ၅ သန်းဖြင့် ကွန်ကရစ်လမ်း အလျား ၇၀၄ ပေ၊ အကျယ် ခြောက်ပေ ၊ ထု ခြောက်လက်မ ဆောက်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လှယဉ်ကျေးမယ်နှင့် ကာယအလှမယ် ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီနာယကဖလား လှယဉ်ကျေးမယ်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် လှယဉ်ကျေးမယ် ပထမဆုကို အလုံမြို့နယ်ကိုယ်စားပြု မစန္ဒီဝင်းထွဋ်နှင့် ကာယအလှမယ်ပထမဆုကို လမ်းမတော်မြို့နယ် ကိုယ်စားပြု မဝင်းပပမျိုးက ဆွတ်ခူးရရှိသည်။

ယင်းပြိုင်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်ဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ယနေ့နံနက် ၁၀ နာရီကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ ဆပ်ကော်မတီနာယကတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်တိုင်းအဆင့် / မြို့နယ်ကိုယ်စားပြု ကာယအလှမယ်များက နောက်ခံတေးဂီတနှင့်အတူ ကိုယ်ဟန်လှပကျော့ရှင်းမှုကို စိတ်ကြိုက်ကိုယ်ခန္ဓာအချိုးအစားများ လှစ်ထုတ်ပြသကြသည်။



ထို့နောက် ပြိုင်ပွဲဝင်ကာယအလှမယ်များနှင့် လှယဉ်ကျေးမယ်များမှ ၁၀ ဦးစီပဏာမရွေးချယ်ခဲ့ပြီး ယင်းတို့မှ ငါးဦးစီကို ရွေးချယ်ကာ အလှမယ်များက ဉာဏ်စမ်းအမေးအဖြေများကို ဖြေဆိုကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ လှယဉ်ကျေးမယ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အလုံမြို့နယ် ကိုယ်စားပြု ပထမဆုရ မစန္ဒီဝင်းထွဋ်အားသရဖူဆုနှင့် ငွေသားဆုကိုလည်းကောင်း၊ ဒဂုံအရှေ့မြို့နယ် ကိုယ်စားပြု ဒုတိယဆုရရှိသူ မယဉ်ယဉ်မွန်အောင်၊ ကျောက်တံတားမြို့နယ် ကိုယ်စားပြု တတိယဆုရရှိသူ မယွန်းအိမွန်၊ ကမာရွတ်မြို့နယ် ကိုယ်စားပြု စတုတ္ထဆုရရှိသူ မရွှန်းလဲ့ရာဇာတို့ကို တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးသည်။

ထို့နောက် ကာယအလှမယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီဥက္ကဋ္ဌက လမ်းမတော်မြို့နယ် ကိုယ်စားပြု ပထမဆုရ မဝင်းပပမျိုးအား သရဖူဆုနှင့်ငွေသားဆုကိုလည်းကောင်း၊ ဒဂုံမြောက်မြို့နယ် ကိုယ်စားပြု ဒုတိယဆုရ မခင်သန္တာဦး၊ သာကေတမြို့နယ် ကိုယ်စားပြု တတိယဆုရ မပန်းမြတ်မွန်၊ ဒဂုံအရှေ့မြို့နယ် ကိုယ်စားပြု စတုတ္ထဆုရ မမောဟုန်းသွင်ခင်နှင့် ဒဂုံမြို့နယ် ကိုယ်စားပြုပဉ္စမဆုရှိသူ မနန်းမြစန္ဒာဝင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် လှယဉ်ကျေးမယ် ၄၅ ဦးနှင့် ကာယအလှမယ် ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အာကာစိုး ၊ ဓာတ်ပုံ-တင်စိုး**




## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့၌ ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ဒေသခံပြည်သူများ စုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အလိုမရှိ၊ ဒို့ပြည်တွင်းရေးစွက်ဖက်မှုများ အလိုမရှိ၊ အချုပ်အခြာအာဏာထိပါးသူ ဒို့ရန်သူ စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း ကွင်းဆင်းစစ်ဆေး

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၃၀**

ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းနှင့် ယင်းလမ်းပေါ်ရှိ ရေထုတ်ပြွန်တစ်စင်းကို ခွင့်ပြုရန်ပုံငွေ ကျပ် ၅၁ ဒသမ ၇၈ သန်းဖြင့် ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်သန့်စင် (လက်ထောက် ညွှန်ကြားရေးမှူး နည်းပညာ) နှင့် ဦးအောင်ကျော်ငြိမ်း (ဦးစီးအရာရှိ နည်းပညာ) တို့က ဒီဇင်ဘာ ၂၆ ရက်တွင် မြေပြင်ကွင်းဆင်း စစ်ဆေးကြသည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက ဆင်အင်းကြီးကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်နှင့် လူဦးရေ ၄၈၃ ဦးတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်မည်ဖြစ် ကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

## “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၈) Grand Final ပြိုင်ပွဲတွင် စိုးထက်အောင် ပထမဆုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” Seson-2 ပွဲစဉ်(၁၈) Grand Final ပြိုင်ပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)တွင် ကျင်းပသည်။

### ကြည့်ရှုအားပေး

ဂီတပွဲတော်၏ Grand Final ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်မြို့တော်ဝန်နှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဗိုလ်ဌေး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်တို့ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ နေပြည်တော်မှ ပူတူး (MF09)နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့၏ ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက် သီချင်းများဖြင့် ယှဉ်ပြိုင်သီဆိုမှုကို ညှော့ပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဝင် သုံးဦးယှဉ်ပြိုင်ပြီးနောက် ညှော့သည်အဆိုတော်များ ဖြစ်ကြသည့် ရဲအောင်၊ စိုးသူ၊ Dဖြိုး၊ အိအိလှိုင်၊ စောဒယ်နီရယ်၊ ချိုမီမီဇော်၊ ဖူးကေရီဆောင်း၊ အင်ကြင်းနိုင်ဦးနှင့် ခိုင်သစ္စာတို့က ဖျော်ဖြေကြပြီး (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2 ပိတ်ပွဲသီချင်း Group Song သီဆိုဖျော်ဖြေမှုတွင် တူယှဉ်နွဲ့ပျော် အဖွဲ့သားများက “စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်” နှင့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” တေးသီချင်းတို့ဖြင့် သံပြိုင်သီဆိုကြရာ တက်ရောက်အားပေးကြသည့် ပရိသတ်တို့က တစ်ခဲနက် သောင်းသောင်းဖြဖြ အားပေးကြသည်။

### ၁၈ ပတ်အကြာ ပြိုင်ပွဲကျင်းပ

တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2 သီချင်းဆိုပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်မှစတင်၍ နေပြည်တော် အပါအဝင်အဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင် ၄၅ ဦးကို ရန်ကုန်မြို့သို့ ဖိတ်ခေါ်၍ အပတ်စဉ် သောကြာနေ့တိုင်း ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက် တေးသီချင်းများအား ရက်သတ္တပတ် ၁၈ ပတ်အကြာ ပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် အနုပညာရှင် ထပ်ဆင့် အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြသည်။



သရုပ်ဆောင်/ တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြပြီး ဒီဇင်ဘာ ၂၃ ရက်တွင် ကျင်းပခဲ့သည့် ပွဲစဉ်(၁၇) Semi Final ပြိုင်ပွဲတွင် စိုးထက်အောင်၊ ထွန်းပပအောင်နှင့် ပူတူးတို့က အကဲဖြတ်ဒိုင်တို့၏ ပေးမှတ် ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်တို့၏ SMS Voting ရမှတ် ၇၀ ရာခိုင်နှုန်းတို့ဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ည Grand Final ပြိုင်ပွဲတွင် ၂၀၂၂-ခုနှစ်၏ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် (Season-2) ၏ Winner ဆုရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင်အား အကယ်ဒမီများရှင် ချိုပြုံး **(အပေါ်ပုံ)**၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မထွန်းပပအောင်အား အကယ်ဒမီနေအောင်နှင့် တတိယဆုရရှိသော နေပြည်တော်မှ မပူတူးကို တေးသံရှင်ခိုင်ဝါတို့က ဆုများ ပေးအပ်ချီးမြှင့်သည်။ Top(6)အဆင့်တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF 05)အားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေးက ကရင်ပြည်နယ်မှ ချိုသဲဦး(MF06)ကိုလည်းကောင်း၊ စန္ဒရားမျိုးနိုင်က ကချင်ပြည်နယ်မှ လလဆွတ်(MF 07)ကိုလည်းကောင်း၊ Top(7)အဆင့်တွင် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ချင်းပြည်နယ်မှ မြင့်မြတ်သူ(MF 02) အားလည်းကောင်း၊ Top(10) အဆင့်တွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MF 08) အားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းက စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား (MF 04) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်က ကချင်ပြည်နယ်မှ မေဇီ (MF 01)ကိုလည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၃၀**
ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မာန်အောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မနန္ဒီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နေနတ်သားပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျုံစုရွှေရင်အေးကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း။

မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဓမ္မရေဝါဆိုကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကျောင်းတော်ရာရွှေကျင်ကျောင်းတိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ စစ်ကိုင်းပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဘုရားကြီးမြောက်ကျောင်းပရိယတ္တိ စာသင်တိုက်နှင့် ရတနာပုံအောင်သုခကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၃၀**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၆၄ ဦးကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာ၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နည်းပညာတက္ကသိုလ်(မန္တလေး)၌ လူငယ်စကားဝိုင်းကျင်းပ




**ပုသိမ်ကြီး ဒီဇင်ဘာ ၃၀**
မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နည်းပညာတက္ကသိုလ် (မန္တလေး)တို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတများရရှိပြီး ဘက်စုံထူးချွန် ထက်မြက်သူများ ပေါ်ထွန်းစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အောင်မြေသာစံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် နည်းပညာတက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာ နှစ်သစ်ရှိန်တို့က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက အားကစားနှင့် အပန်းဖြေခြင်းနှင့် စာအုပ်စာပေနှင့် လူ့မိတ်ဆွေ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို (ပုသိမ်ကြီး)**

## ညောင်ရွှေမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ညောင်ရွှေ ဒီဇင်ဘာ ၃၀**
ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်တွင် အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းရှိ ဖူဆယ်ဘောလုံးကွင်း၌ စတင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ အလွတ်တန်း စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ အလှခတ်ခြင်းလုံး၊ ဖူဆယ်ဘောလုံးနှင့် ဘောလုံးအားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိကြသည့်သူများ၊ အသင်းအဖွဲ့များအား လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**
(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ရပ်ကွက်အလိုက် ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၃၀**
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော် (၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါအရ ၁၃၈၄-ခုနှစ် ပြာသိုလဆန်း(၅)ရက်၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် တနင်္လာနေ့ ည(၁၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ၁၃၈၄-ခုနှစ် ပြာသိုလဆန်း (၉)ရက်၊ ဒီဇင်ဘာ ၃၀ ရက် သောကြာနေ့ မွန်းတည့် (၁၂) နာရီတွင် ကျင်းပပြီးဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း
ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီးအရာတော်မြို့နယ် ဆံရစ်ကျေးရွာ ခမည်းတော်ဦးဘိုးရှိ၊ မယ်တော်ဒေါ်တင်တို့မှ ၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း
ဆရာတော် လောင်းလျာသည် ၁၃၂၄-ခုနှစ်တွင် အရာတော်မြို့နယ် မကျည်းဇောက် ကျေးရွာ ရွှေထီးပေါက်ကျောင်း ဆရာတော် ဘဒ္ဒန္တမာလာစာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၃၀-ပြည့်နှစ် ကဆုန်လဆန်း (၁၂)ရက်နေ့တွင် အရာတော်မြို့နယ် မကျည်းဇောက်ကျေးရွာ ရွှေထီးပေါက်ကျောင်း ဆရာတော်ဘဒ္ဒန္တမာလာစာရကို ဥပဇ္ဈာယ်ပြု၍မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း
ဆရာတော်သည် အရာတော်မြို့နယ် မကျည်းဇောက်ကျေးရွာ ရွှေထီးပေါက်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာစာရ၊ ဘဒ္ဒန္တဇဋိလ၊ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တသောဘဏ၊ ဘဒ္ဒန္တခေမိန္ဒာဘိဝံသ စသောဆရာတော်များထံ၌ ပရိယတ္တိစာပေများသင်ယူခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း
ဆရာတော်သည် နိုင်ငံတော်သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့်တွင် ဒုတိယအကြိမ်မှစ၍ ၁၃၇၁-ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၃၇၁-ခုနှစ်မှ ၁၃၈၀ - ပြည့်နှစ်အထိ နိုင်ငံတော် သံဃမဟာနာယကဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၈၀-ပြည့်နှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ သယ်ပိုးရရှိတော်မူခြင်း
ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် ဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာ ကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၉ ခုနှစ်တွင် “ အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါအရ ၁၃၈၄ ခုနှစ် ပြာသိုလဆန်း(၅)ရက် (၂၆-၁၂-၂၀၂၂) တနင်္လာနေ့ ည (၁၀:၀၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

# လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် (Precursor) ပရီကာဆာ ဓာတုပစ္စည်းများထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

လာအို – မြန်မာ – ထိုင်း သုံးနိုင်ငံအကြား မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် (Precursor) ပရီကာဆာ ဓာတုပစ္စည်းများ ရွှေတြိဂံဒေသသို့ မဝင်ရောက်စေရေးအတွက် ထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့ရှိ The Heritage Pattaya Beach Resort ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ လာအိုအမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေးကော်မရှင် (LCDC) အတွင်းရေးမှူးချုပ် Mr. Inpong Chanthavongsa ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ ONCB အထွေထွေ အတွင်းရေးမှူးချုပ် Mr. Wichai Chaimongkon ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ပိုမိုကောင်းမွန်သော တားဆီးနှိမ်နင်းရေး နည်းလမ်းများ**

အစည်းအဝေးတွင် ထိုင်းနိုင်ငံ ONCB ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Wichai Chaimongkon က ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုနယ်ပယ်များသို့ ဓာတုပစ္စည်းများ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက် (၂၀၁၉-၂၀၂၂) အရ ဆောင်ရွက်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ နိုင်ငံအလိုက် ပရီကာဆာ ဓာတုပစ္စည်းများ ပူးပေါင်းထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်သည့်အခြေအနေနှင့် ရှေ့ဆက်တားဆီးဆောင်ရွက်မည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံအနေဖြင့် Sodium Cyanide ၊ Benzyl Cyanide နှင့် Benzyl Chloride သုံးမျိုးကို ယခုနှစ်အတွင်းထိန်းချုပ်ထားပြီး Hydroxylimine ကို ထပ်မံထိန်းချုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ပိုမိုကောင်းမွန်သော တားဆီးနှိမ်နင်းရေး နည်းလမ်းများဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖမ်းဆီးရမိမှုများအား အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်**

မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က ဆွေးနွေးရာတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံတို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများစွာ ရရှိခဲ့သော်လည်း ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများ လျော့ကျသွားခြင်း မရှိသည်ကို ဖမ်းဆီးမှုဖြစ်စဉ်များအရ တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တရားမဝင်ဝင်ရောက်မှုမရှိစေရေး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိကြောင်း၊ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်မှုတားဆီးရေးအတွက် ဓာတုပစ္စည်းများကို သက်ဆိုင်ရာနိုင်ငံအလိုက် တားဆီးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုမှာ များစွာအရေးပါသဖြင့် သုံးနိုင်ငံအကြား ယခုကဲ့သို့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုသည် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများကို ထိထိရောက်ရောက် တားဆီးနိုင်မည် ဖြစ်ပါကြောင်း၊ ရွှေတြိဂံဒေသရှိ နိုင်ငံများအနေဖြင့် ပရီကာဆာ ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုသည် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေခြင်းကြောင့် ပရီကာဆာ ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု မရှိစေရေးအတွက် လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား ယခုထက်ပိုမိုပူးပေါင်းထိန်းချုပ်ရေး၊ ဖမ်းဆီးရမိမှုများအား အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ရန် အဆင့်လိုက် Contact Person များ ထားရှိရေး၊ မြန်မာနိုင်ငံမှ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ စွမ်းရည် မြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်သင်ကြားမည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 သင်တန်းသည်လည်း မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးအတွက် အထောက်အကူများစွာ ရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လာအိုအမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေး ကော်မရှင် (LCDC) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Inpong Chanthavongsa က မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများမှာ လာအို – မြန်မာ – ထိုင်း ၃ နိုင်ငံကြားသာမက အခြားကမ္ဘာ့နိုင်ငံများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများကို ထိခိုက်စေပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ဘေးကင်းလုံခြုံသော မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး စင်တာ (SMCC)မှ ပရီကာဆာ ဓာတုပစ္စည်းများ ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးအနက်ထား ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ဆွေးနွေးသည်။

**ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု လျော့ကျသွားမည်**

အဆိုပါ အစည်းအဝေး၌ စိတ်ကြွဆေးပြား ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ကဖင်းကို လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ထိန်းချုပ်ထားရှိပြီးဖြစ်၍ ဒေသတွင်း မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများအတွင်း ထိန်းချုပ်နိုင်ရေး ဆွေးနွေးသွားရန်၊ နိုင်ငံအလိုက် ဖမ်းဆီးရမိ ပရီကာဆာ ဓာတုပစ္စည်းများအား နှစ်စဉ်ဖျက်ဆီးရာတွင် ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် UNODC အပါအဝင် ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများထံမှ နည်းပညာ၊ ရန်ပုံငွေနှင့် ဆက်စပ်ပစ္စည်းကိရိယာ အထောက်အပံ့ ရရှိရေး ကုလသမဂ္ဂ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မရှင် (CND)သို့ UNODC မှ တင်ပြနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များကို ထိုင်းနိုင်ငံမှ ဦးဆောင်စုစည်း ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး ဂိုဏ်းဖွဲ့ကျူးလွန်သူများသည် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများကို နည်းလမ်းမျိုးစုံ သယ်ဆောင်လျက်ရှိသဖြင့် စက်ပစ္စည်းကိရိယာများ ဖမ်းဆီးရမိပါက အစိတ်အပိုင်းအလိုက် မှတ်တမ်းဓာတ်ပုံများအား သတင်းဖလှယ်မျှဝေသွားရေး၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များကို သက်သေခံပစ္စည်းများ ကိုင်တွယ် ထိန်းသိမ်းရာတွင် စနစ်တကျရှိစေရေးနှင့် အန္တရာယ် ကင်းရှင်းစေရေးအတွက် ထိုင်းနိုင်ငံ ONCB မှ သင်တန်းပို့ချပေးရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ယခုအစည်းအဝေး ကျင်းပခြင်းကြောင့် အနာဂတ်တွင် လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု လျော့ကျသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ထားဝယ်အကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော အဖွဲ့သည် ယမန်နေ့က ထားဝယ်အကျဉ်းထောင်ကို လည်းကောင်း၊ ယနေ့တွင် ထားဝယ်မြို့မရဲစခန်း အချုပ်ခန်းကို လည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်နှင့် ရဲစခန်း အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေလုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်းရှိ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်နှင့် သုံးရေကန်များ၊ အတွင်း/ အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ မရှိနှင့် Quarantine ထားရှိသည့် အဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် ၁၅၀၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ တို့ကို ကော်မရှင်က ထားဝယ်အကျဉ်းထောင်ကို လှူဒါန်းရာ တာဝန်ခံအရာရှိက လက်ခံရယူသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နောက်ကျချေပဂိုးကြောင့် မြန်မာအသင်း အိမ်ကွင်း၌ သရေတစ်မှတ်သာရရှိ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (ခ) စတုတ္ထနေ့အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ဒီဇင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် လာအိုအသင်းကို သရေသာကစားနိုင်သဖြင့် ဗီယက်နမ်အသင်းနှင့် နောက်ဆုံးပွဲမတိုင်မီ အုပ်စုအဆင့်မှထွက်ရန် သေချာသွားခဲ့သည်။ မြန်မာအသင်းသည် အိမ်ကွင်း၌ကစားရသော်လည်း ခြေစွမ်းမပြနိုင်ဘဲ နောက်မှလိုက်ကစားကာ ပွဲပြီးခါနီး နောက်ကျချေပ ဂိုးကြောင့် သရေတစ်မှတ်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းတွင် ဒဏ်ရာနှင့် ပွဲပယ်ကစားသမားများရှိနေသဖြင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ထွန်းနန္ဒဦး (ဂိုး)၊ ဒေးဗစ်ထန်၊ ဟိန်းဇေယျာလင်း၊ ရဲမင်းသူ၊ ကျော်ဇင်လွင်၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ လာအိုအသင်းသည် ပွဲစကတည်းက ခံစစ်အသားပေးကစားသောကြောင့် မြန်မာအသင်းက ဖိကစားနိုင်သော်လည်း လာအိုအသင်းက နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်း ယူခဲ့သည်။ ၁၂ မိနစ်တွင် ဗောင်ချင်ကမ်က လာအိုအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၁၅ မိနစ်တွင် ကွင်းလယ်ကစားသမား ကျော်မင်းဦးက မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဖိကစားနိုင်သော်လည်း ထိရောက်သည့်တိုက်စစ်ဆင်မှုများမပြုလုပ်နိုင်သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းအစတွင် လာအိုအသင်း ဒုတိယဂိုးရခဲ့ပြီး ရာချာချက်က အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် အခွင့်အရေးများအသုံးမချနိုင်သဖြင့် ပွဲပြီးခါနီး နာကျင်အချိန်ပိုမှ ချေပဂိုးပြန်လည်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ၉၀+၆ မိနစ်တွင် မောင်မောင်လွင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် မြန်မာအသင်းက သုံးပွဲကစား တစ်မှတ်၊ လာအိုအသင်းက ပွဲကုန်လေးပွဲကစား တစ်မှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇန်နဝါရီ ၃ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-သော်လေး**



# ၂၀၂၂ ခုနှစ် အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**




မြန်မာ့ကြက်တောင် အားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် အတွက် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကြက်တောင်အားကစား အောင်နိုင်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကြက်တောင်အားကစားအဆင့်အတန်းကို အရှေ့တောင်အာရှ၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်စေရန် မျိုးဆက်သစ်လူငယ်အားကစား မောင်မယ်များ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲဆုပေးပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် တာဝန်ရှိသူများက သက်တမ်းအလိုက် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသော အသက် ၉ နှစ်နှင့် အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၁ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ။

အသက် ၁၃ နှစ်နှင့်အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေးတစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၅ နှစ်နှင့်အောက်ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၇ နှစ်နှင့်အောက် ယောကျ်ားလေးတစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေး တစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲ။

အသက် ၁၉ နှစ်နှင့် အောက် ယောကျ်ားလေး တစ်ဦးချင်းပြိုင်ပွဲ၊ ယောကျ်ားလေး နှစ်ယောက်တွဲပြိုင်ပွဲ၊ မိန်းကလေးတစ်ဦးချင်းပြိုင်ပွဲ၊ မိန်းကလေး နှစ်ယောက်တွဲပြိုင်ပွဲများ၊ သာမန်တန်း အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ သာမန်တန်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ သာမန်တန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသား + အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ၊ ဝါသနာရှင်တန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင်တန်း အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများ၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း ၇၀ နှစ်၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း ၉၀ နှစ်၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း ၁၀၀ နှစ်၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း ၁၁၀ နှစ်များ၊ အကြီးတန်း (ကျား) တစ်ဦးချင်း၊ အကြီးတန်း (မ) တစ်ဦးချင်း၊ အကြီးတန်း(ကျား)နှစ်ယောက်တွဲ၊ အကြီးတန်း(မ)နှစ်ယောက်တွဲ၊ အကြီးတန်း(ကျား+မ) နှစ်ယောက်တွဲပြိုင်ပွဲများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အားကာမောင်**

# ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နေ ခိုင်သဇင်(ခ) လရောင်ချိုနှင့် ပန်းလေပြေလှိုင် (ခ)ဘေဘီတို့က ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ အသက် ၂၀ အရွယ် မိန်းကလေး သုံးဦးတို့ကို နေပြည်တော်ရှိ စင်တင်တေးဂီတဆိုင်တွင် အလုပ်လုပ်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရွာကောက်နယ်မြေရဲစခန်း (ပ) ၁၃၂ / ၂၀၂၂၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပျဉ်းမနားခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ ခိုင်သဇင်(ခ) လရောင်ချိုနှင့် ပန်းလေပြေလှိုင်(ခ) ဘေဘီတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ /၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မြမြစိုးက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နေ မ --- ၁၅ နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက တစ်နှစ် ပေါင်းသင်းလျှင် ငွေကျပ်သိန်း ၃၀ ခန့်ရမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ ခေါ်ဆောင်ကာ တရုတ်မယားအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ် ရယူခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ)၄၀၉၈/၂၀၂၀၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ အင်းစိန်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ မြမြစိုးကို လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တော-ကြိမ်ချောင်းကားလမ်း အောင်ဇေယျ ကျေးရွာအနီးတွင် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Mond တံဆိပ် စီးကရက်တောင့် ၇၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Daihatsu Hijet အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းတို့တွင် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Shoe Buckles ၃၅၆၂ စုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၀၀၀၀၀) နှင့် လက်ကိုင်စကားပြောစက် အလုံး ၃၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ FDA ထောက်ခံချက်နှင့် ကွဲလွဲစွာပါရှိလာသော အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၉၀၁၉၅)နှင့် သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၄၀၇၅၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၅၃၀၉၄၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် အောင်လံမြို့နယ် အရှေ့ရိုးမကြိုးဝိုင်း အတွင်း၌ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၁၀၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၉၄၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၀၂၂တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၁၉၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၇ ရက်၊ ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၆၆၇၀၇၇) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တင်းမာသည့် ညွန့်ပေါင်းအစိုးရနှင့်အတူ ဝန်ကြီးချုပ်ဟောင်း နေတန်ယာဟု ဝန်ကြီးချုပ်အဖြစ်ပြန်လာ

**ဂျေရုဆလင် ဒီဇင်ဘာ ၃၀**

အစ္စရေးဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင် နေတန်ယာဟုသည် နိုဝင်ဘာလ အမျိုးသားရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးသည့်နောက် သဘောထားတင်းမာသည့် ညွန့်ပေါင်းအစိုးရနှင့်အတူ အာဏာပြန်လည်ရရှိပြီ ဖြစ်သည်။ နေတန်ယာဟုနှင့် ၎င်း၏ အစိုးရအဖွဲ့မှာ ဒီဇင်ဘာ ၂၉ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်း၏ လီကွတ်ပါတီသည် လက်ယာစွန်းများနှင့် ဘာသာရေးပါတီများနှင့် သဘောတူညီမှုရရှိပြီးနောက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။



အစ္စရေး ဝန်ကြီးချုပ် နေတန်ယာဟု။

ဝန်ကြီးချုပ်ရုံးမှ ထွက်ခွာခဲ့ပြီး တစ်နှစ်ခွဲခန့်အကြာ ဝန်ကြီးချုပ်အဖြစ် ပြန်လာခဲ့ခြင်းဖြစ်သည်။ သုံးနှစ်ခွဲအတွင်း အစ္စရေးနိုင်ငံ၌ ငါးကြိမ်မြောက် ကျင်းပသည့် ရွေးကောက်ပွဲတွင် နေတန်ယာဟု၏ ပါတီက ပါလီမန်တွင် အဓိကနေရာများကို ရယူနိုင်ခဲ့သည်။ နေတန်ယာဟု လက်ထက်တွင် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခမှာ ပိုမိုအရှိန်ကောင်းလာသည့်အတွက် အာရပ်နိုင်ငံများက စိုးရိမ်လျက်ရှိသည်။ သိမ်းပိုက်ထားသည့် အနောက်ဘက်ကမ်းဒေသတွင် ဂျူးအခြေချနေထိုင်မှုများ နောက်ထပ်ပြုလုပ်လာနိုင်သည်ဟုလည်း ၎င်းတို့က ပြောသည်။

**ဆင်ဟွာ**

## တွစ်တာက ဆီယက်တယ်ရှိ ရုံးကို ပိတ်မည်

**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၃၀**

တွစ်တာသည် ၎င်း၏ဆီယက်တယ်မြို့လယ်ရုံးကို ပိတ်ပစ်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၉ ရက် အစီရင်ခံစာများအရ သိရသည်။

တွစ်တာ၏ ကျန်ရှိသည့် ဆီယက်တယ်ဝန်ထမ်းများကို နေအိမ်မှ အလုပ်လုပ်ကိုင်ရန် ညွှန်ကြားခဲ့ကြောင်း နည်းပညာသတင်း ထုတ်ဝေမှု ပလက်ဖောင်းတွင် ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းက ဖော်ပြသည်။ တွစ်တာ၏ ဆီယက်တယ်ရုံးရှိ သန့်ရှင်းရေးနှင့် လုံခြုံရေး ဝန်ဆောင်မှုများကို ဖြတ်တောက်ခဲ့ကြောင်း နယူးယောက်တိုင်းမ်၏ ဖော်ပြချက်အရ သိရသည်။ ယင်းမှာ ၂၀၁၄ ခုနှစ် မြို့လယ်ဆန်ကျူရီစကွဲမျှော်စင်တွင် ဖွင့်လှစ်ခဲ့သည့် အချိန်မှစကာ ဆီယက်တယ်ရုံးနှင့် ပတ်သက်၍ နောက်ဆုံးအဆိုးမြင်သတင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာလအတွင်း တက်စလာတည်ထောင်သူ၊ စီအီးအို အီလွန်မက်စ်သည် အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံတန် တွစ်တာကို ဝယ်ယူပြီးနောက် ဆီယက်တယ်ရုံးရှိ ဝန်ထမ်း ၂၀၈ ဦးကို လျှော့ချခဲ့သည်။ ရုံးပိတ်ခြင်းသည် တွစ်တာ၏ ကုန်ကျစရိတ်ကို လျှော့ချရန် အီလွန်မက်စ်၏ နောက်ဆုံးခြေလှမ်းဖြစ်ကြောင်း ဆီယက်တယ်တိုင်းမ်က ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



အီလွန်မက်စ်

## ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီ ကွယ်လွန်မှုအတွက် ကာတာကမ္ဘာ့ဖလား ကစားသမားများက ဝမ်းနည်းကြောင်းပြော

**ရီယိုဒီဂျနေးယိုး ဒီဇင်ဘာ ၃၀**

ကမ္ဘာ့ဖလားဆုကြီးကို သုံးကြိမ်ရရှိထားခဲ့ဖူးသူ ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီသည် အသက် ၈၂ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်သည်။ ဒီဇင်ဘာ ၂၉ ရက် ညက ပီလီ၏ တရားဝင်အင်စတာဂရမ် အကောင့်မှ တစ်ဆင့်ပီလီသေဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဘောလုံးသမားများကလည်း ပီလီသေဆုံးသွားမှု အတွက် ဝမ်းနည်းကြောင်း အလေးအနက် ထုတ်ဖော်ပြောကြားကြသည်။

ဘရာဇီးဘောလုံး အကျော်အမော် နေမာကလည်း "ပီလီသည် ဘောလုံးအားကစားကို အနုပညာနှင့် ဖျော်ဖြေမှုအဖြစ် ပြောင်းလဲသူ"ဟု ၎င်း၏ အင်စတာဂရမ်မှ တစ်ဆင့် ပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံနှင့်အားကစားကို မြှင့်တင်ပေးခဲ့သော ပီလီ၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြု ပြောကြားသည်။

အာဂျင်တီးနားကို ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် လီယိုနယ်မက်ဆီကလည်း "ငြိမ်ချမ်းစွာ အနားယူပါတော့"ဟု ပီလီ၏ သေဆုံးမှုအတွက် ရေးသားခဲ့သည်။ ရွှေဖိနပ်ဆုရှင် ပြင်သစ်အသင်းမှ ဘက်ပီကလည်း ပီလီချန်ရစ်ခဲ့သောအရာများကို မေ့ပစ်နိုင်မည် မဟုတ်ဟု ပြောကြားခဲ့သည်။

ပီလီသည် လွန်ခဲ့သည့်နှစ် စက်တင်ဘာလမှစတင်ကာ အူမကြီးမှ အကျိတ်ကို ဖယ်ရှားရန်အတွက် ခွဲစိတ်မှုပြုလုပ်နိုင်ရေး ဆေးရုံ တက်လိုက် ဆင်းလိုက် လုပ်ဆောင်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**



ဘရာဇီး ဂန္ထဝင်ဘောလုံးသမားကြီး ပီလီ။

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူသစ် ၁၃၁ ဦး တွေ့ရှိ

**ဟနွိုင်း ဒီဇင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၃၁ ဦး တွေ့ရှိရာ ယမန်နေ့ကထက် ၁၀၃ ဦးလျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ကူးစက်ခံရသူသစ်များ အပါအဝင် အဆိုပါရောဂါ ကူးစက်မှုပေါင်း ၁၁၅၂၅၁၄၄ ဦး ရှိပြီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း တေးနင့်ပြည်နယ်၌ ဒီဇင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိရာ အဆိုပါ ရောဂါဖြင့် သေဆုံးသူပေါင်း ၄၃၁၈၆ ဦး ရှိပြီဖြစ်သည်။

ဒီဇင်ဘာ ၃၀ ရက်အထိ ကိုဗစ်-၁၉ ကြောင့် အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်နေသူ ၃၅ ဦးရှိပြီး ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းကျော်မှာ ပြန်လည်ကောင်းမွန်လာကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၂၂၃ ဒသမ ၂ သန်းကျော် အပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၆၅ ဒသမ ၅ သန်းခန့် ထိုးနှံပြီးဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**



## ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူ ၄၄ ဦးအထိ တိုးလာ

**မနီလာ ဒီဇင်ဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၄၄ ဦးအထိ တိုးလာကြောင်း အစိုးရ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။ ရေကြီးမှုကြောင့် ၂၈ ဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီမှ နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။



ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ သေဆုံးသူ ၃၅ ဦးအထိ တိုးလာပြီး ပင်မလူဇွန်ကျွန်းရှိ ဘီကွန်ဒေသ၌ သေဆုံးသူ ခြောက်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၌ သေဆုံးသူ သုံးဦး ရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီမှ သိရသည်။ ရေကြီးမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ တစ်ဝန်း၌ ဒေသကိုးခုရှိ လူပေါင်း ငါးသိန်းကျော်ကို အစိုးရက ပြောင်းရွှေ့ပေးခဲ့ရသည်။

**ဆင်ဟွာ**

## အရောင်အသွေးစုံလင်လှပသော ပန်းအတုများ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူကြိုက်များ

**ဒါကာ ဒီဇင်ဘာ ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ နေအိမ်များ၊ ရုံးခန်းများနှင့် စီးပွားရေးလုပ်ငန်းနေရာများတွင် နှစ်သစ်ကူးအတွက် အလှဆင်ရန် တရုတ်နိုင်ငံမှ တင်သွင်းသော အရောင်အသွေးစုံလင်သည့် ပန်းအတုများကို ဝယ်ယူအသုံးပြုလျက်ရှိပြီး လူကြိုက်များကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ မြင်တွေ့ရသည်။

"တရုတ်နိုင်ငံထုတ် လုပတဲ့ပန်းခြောက်တွေကို အများဆုံးအသုံးပြုတာက ကုန်ကျစရိတ်နည်းနည်းနဲ့ အလှဆင်ခွင့်ရှိလို့ဖြစ်တယ်" ဟု ပန်းများကို ဝယ်ယူအသုံးပြုသူ Sohan Hossain က ပြောသည်။

ထို့ပြင် ပန်းများကို ဝယ်ယူအသုံးပြုသည့် Md Yasin ကလည်း "လူတွေက Mehfil ဂီတပွဲနဲ့ မင်္ဂလာဆောင်ပွဲတွေအတွက် ပန်းတွေကို ဝယ်ကြတယ်။ ကျွန်တော်လည်း ပန်းဝယ်ဖို့လာတာပါပဲ" ဟု ဆိုသည်။ ပန်းဆိုင်ပိုင်ရှင် တစ်ဦးကလည်း "ဒီမှာတော့ တရုတ်က တင်သွင်းလာတဲ့ ပန်းအမျိုးအစားအစုံ ရှိပါတယ်။ အရည်အသွေးပိုင်းရော အဆင်ဒီဇိုင်းပိုင်းပါ ကောင်းမွန်တဲ့အတွက် လူတိုင်းနီးပါး ဝယ်ယူအသုံးပြုကြတယ်"ဟု ပြောသည်။

ပန်းအတုများတင်သွင်းသူ Hamidur Rahman က "တကယ့်ပန်းအစစ်နဲ့ တော်တော်လေးတူတဲ့ ပန်းအတုတွေကို တရုတ်နိုင်ငံကနေ ကျွန်တော်တို့ တင်သွင်းလာတာပါ။ ဘင်္ဂလားဒေ့ရှ်မှာ ဝယ်လိုအားက အလွန့်အလွန်ကို ကြီးမားတယ်" ဟု ပြောကြားသည်။



## ကုန်ဈေးနှုန်းမြင့်တက်မှုဖြေရှင်းရေး စပိန်အစိုးရထောက်ပံ့မှုပေးမည်

**မက်ဒရစ် ဒီဇင်ဘာ ၃၀**

ရုရှား-ယူကရိန်းအရေးကြောင့် ကုန်ဈေးနှုန်းမြင့်တက်နေခြင်းအတွက် ထပ်မံ၍ အမေရိကန် ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ (ယူရိုငွေ ၁၀ ဘီလီယံ) ထောက်ပံ့ပေးမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်းချက်ဇ်က ပြောကြားသည်။

အဆိုပါထောက်ပံ့မှုသည် စွမ်းအင်လောင်စာဆီဈေးနှုန်း၊ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်၍ လူနေမှုစရိတ် ကြီးမားခြင်းကို ခံစားနေရသည့် လူလတ်တန်းစား လူတန်းစားများနှင့် အလုပ်သမားများ၊ ရွှေ့ပြောင်းသွားလာသူများအတွက် အထိုက်အလျောက်ကုစားနိုင်မည်ဟု ၎င်းကပြောကြားသည်။

ကုန်ဈေးနှုန်းကြီးမြင့်လာမှုလျှော့ချရန် အကျပ်အတည်းဆန့်ကျင်ရေး အမည်ရှိ အစီအစဉ်သည် ဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအပေါ်တွင်လည်း အကျုံးဝင်မည်ဖြစ်ကာ အခွန်လျှော့ချပေးမည့် ခြောက်လသက်တမ်းတိုးအစီအစဉ်များ ပါဝင်သည်။ ထို့ပြင် အခြေခံစားကုန်များဖြစ်သည့် ပေါင်မုန့်၊ ဒိန်ခဲ၊ နို့၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံများကဲ့သို့သော စားသောက်ကုန်များကိုလည်း အရောင်းခွန်ဖြတ်တောက်မှု ခြောက်လတာ ဆိုင်းငံ့ပေးမည်ဖြစ်သည်။

စပိန်အစိုးရ၏ တတိယအကြိမ်မြောက် ထောက်ပံ့ရေးအစီအစဉ်အတွင်း တစ်နှစ်ဝင်ငွေ ယူရို ၂၇၀၀၀ အောက် အိမ်ထောင်စုများအတွက် ယူရို ၂၀၀ စီ ထောက်ပံ့ပေးမည့်အပြင် မီတာခနှင့် အခြားအခွန်အခများကိုလည်း လျှော့ချပေးမည်ဖြစ်သည်။ စပိန်နိုင်ငံသည် နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းကို စံချိန်တင်၍ ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သော်လည်း စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုကို ခံစားနေရချိန်ဖြစ်ရာ ယခုအစီအစဉ်ကို ကြိုဆိုသူများပြားခဲ့ကြောင်း သိရသည်။

## တရုတ် - မြန်မာ - အိန္ဒိယသမုဒ္ဒရာ လမ်းကြောင်းသစ်မှ တစ်နှစ်တာအတွင်း ကုန်စည်ပို့ဆောင်မှုပမာဏ တန်ချိန် ၂၁၈၀၀ ပို့ဆောင်နိုင်ခဲ့

**ယူနန် ဒီဇင်ဘာ ၃၀**

တရုတ် - မြန်မာ - အိန္ဒိယ သမုဒ္ဒရာ လမ်းကြောင်းသစ်၏ အကြိမ် (၂၀) မြောက် အထူးကုန်တင်ရထား ပြည်တွင်းပိုင်း သယ်ယူပို့ဆောင်မှုသည် ဒီဇင်ဘာ ၂၀ ရက်တွင် ယူနန်ပြည်နယ် လင်ချန်းမြို့ မုန်တိန်ချင်းရွှေဟော်နယ်စပ်ဂိတ်မှ စတင်ထွက်ခွာ၍ မြန်မာနိုင်ငံသို့ ဓာတ်မြေသြဇာတန်ချိန် ၅၅၀ တင်ပို့ခဲ့ပြီး Bonded ပြောင်းဖူး တန်ချိန် ၁၂၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။



အထူးကုန်တင်ရထားလမ်းမှ ကုန်တင်စခန်းတစ်ခု။

၂၀၂၁ ခုနှစ် ဩဂုတ်လ၌ တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာ လမ်းကြောင်းသစ် စတင်စမ်းသပ်ပြေးဆွဲမှု အောင်မြင်ခဲ့ပြီး တရုတ်-မြန်မာနှင့် တတိယနိုင်ငံတို့မှ ကုန်စည်များ ပထမဆုံးအကြိမ် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်မှုကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ တစ်နှစ်တာအတွင်း ရေကြောင်း-ကားလမ်း-ရထားလမ်း ပူးတွဲသယ်ယူပို့ဆောင်ရေး အကြိမ် ၂၀ ပြီးမြောက်ချိန်အထိ ကုန်စည်ပို့ဆောင်မှုပမာဏ တန်ချိန် ၂၁၈၀၀ ပို့ဆောင်နိုင်ခဲ့ကာ ကုန်စည်တန်ဖိုးယွမ် ၃၄၈ သန်း ရှိကြောင်း သိရသည်။

## ဂျာမနီနိုင်ငံ၌ ဟိုက်ဒရိုဂျင်ရထားများ စတင်ပြေးဆွဲ

**ဘာလင် ဒီဇင်ဘာ ၃၀**

ဂျာမနီနိုင်ငံမြောက်ပိုင်း Bremervorde မြို့ရှိ ရထားလိုင်းကုမ္ပဏီတစ်ခုဖြစ်သော Elbe-Weser Railroad Company (EVB) သည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အသုံးပြုရထားများ ပြည်တွင်းတွင် စတင်ပြေးဆွဲ ဆောင်ရွက်နေပြီဖြစ်သည်။ EVB ကုမ္ပဏီသည် နှစ်ပေါင်း ၄၀ ကျော် ရထားလိုင်းများ ပြေးဆွဲခြင်းလုပ်ငန်း အတွေ့အကြုံရှိပြီး ဒီဇယ်အသုံးပြုရထားတွဲများ နေရာတွင် အစားထိုး၍ လက်ရှိတွင် ဟိုက်ဒရိုဂျင်ရထားခြောက်စင်းကို ပြေးဆွဲနေပြီး မီးခိုးငွေ့ထုတ်လွှတ်မှုလုံးဝမရှိဘဲ မောင်းနှင်နိုင်ကြောင်း သိရသည်။ EVB ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ Mr.Christoph Grimm က ဟိုက်ဒရိုဂျင်ရထားများတွင် ဟိုက်ဒရိုဂျင်သိုလှောင်ကန်နှင့် fuel cell များကို ရထားတွဲခေါင်မိုးပေါ်တွင် ထားရှိကြောင်း၊ စုစုပေါင်း ရထား ၁၄ တွဲ မှာယူထားမှုရှိပြီး ၂၀၂၃ ခုနှစ် နွေရာသီတွင် အားလုံးပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားသည်။

ဟိုက်ဒရိုဂျင်ရထားများကို Alstom ကုမ္ပဏီထံမှဝယ်ယူ၍ စတင်ပြေးဆွဲနိုင်ရေးအတွက် Lower Saxony ပြည်နယ်ရှိ Lower Saxony Regional Transport Company က ဖက်ဒရယ်အစိုးရ၏ အမျိုးသားဟိုက်ဒရိုဂျင်မဟာဗျူဟာ ရန်ပုံငွေထောက်ပံ့မှုအစီအစဉ်ဖြင့် ယူရို ၈၁ သန်း ပံ့ပိုးမှုပေးခဲ့ကြောင်း၊ ဟိုက်ဒရိုဂျင်ရထားများသည် တစ်ရက်လျှင် ပုံမှန်ကီလိုမီတာ ၈၀၀ ပြေးဆွဲနိုင်ကြောင်း၊ လာမည့် ၂၀၂၃ ခုနှစ်အတွင်း ဖရန့်ဖတ်ဒေသရှိ ဂျာမန်ရထားလိုင်း အချို့တွင်လည်း ဟိုက်ဒရိုဂျင်အသုံးပြုရထားများအဖြစ်ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း စီးပွားရေးသံမှူးထံမှ သိရသည်။

## တရုတ်နိုင်ငံ၏ အနောက်ဘက်စွန်း Pamir ကုန်းပြင်မြင့်နေပြည်သူများ လေယာဉ်ဖြင့် သွားလာနိုင်ပြီ

**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်းကျန်း (၀ီဂါ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Taxk-organ Tajik ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် Taxkorganလေဆိပ်ကို ဒီဇင်ဘာ ၂၃ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ရောက်ရှိလာခဲ့သည်။ ၎င်းမှာ ယင်းဒေသ၏ ပထမဆုံး ကုန်းပြင်မြင့် လေဆိပ်ဖော်ဆောင်နိုင်ခြင်း၏ အမှတ်သင်္ကေတလည်းဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၃၂၅၈ မီတာရှိသော အဆိုပါလေဆိပ်သည် တရုတ်နိုင်ငံ အနောက်ဘက်စွန်းရှိ သယ်ယူပို့ဆောင်ရေး လေဆိပ် ဖြစ်သည်။ မီတာ ၃၈၀၀ ပြေးလမ်းရှိသော ယင်းလေဆိပ်ကို နှစ်စဉ်ခရီးသည် ၁၆၀၀၀၀ နှင့် ကုန်ပစ္စည်း၊ စာပို့တန်ချိန် ၄၀၀ ဝင်ထွက်သွားလာနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။



Pamir ကုန်းပြင်မြင့်မှ Taxkrgan လေဆိပ်အဆောက်အအုံ။

အဆင်ပြေလွယ်ကူစေသော လေကြောင်းသွားလာမှုက Pamir ကုန်းပြင်မြင့်သို့ လူများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သတင်းအချက်အလက် အဆက်မပြတ် စီးဆင်းစေနိုင်မည်ဖြစ်ရာ ယင်းကုန်းမြင့်ဒေသ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလေဆိပ်သည် ဒေသသယ်ယူပို့ဆောင်ရေး ကောင်းမွန်အောင် မြှင့်တင်ပေးမည်ဖြစ်ပြီး ဒေသခရီးသွားကဏ္ဍနှင့် ပြင်ပကမ္ဘာသို့ တံခါးလုပ်မှုကို တိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်းရှိ

**(၂၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၁၄,၃၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၇၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၂၉၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၅) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၆ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

– – – ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း) – – –

"မြောက်ပြန်လေညင်းခေါ်သည့် လွတ်လပ်သည့် ဇန်နဝါရီ ၄ ရက် နံနက်သည်ကား ခိုက်ခိုက်တုန်အောင် ချမ်းလှ၏။ ထိုမျှလောက် မည်သည့်အခါကမှ ချမ်းစီးခဲ့သည်ဟု ရန်ကုန်ရာဇဝင်တွင် မရှိခဲ့။ ထူးမြတ်သော နံနက်ခင်းပင်ဟု ဆိုရမည် ဖြစ်ပေသည်။ နံနက် ၄ နာရီ မိနစ် ၂၀ ထိုးသည်နှင့် တစ်ပြိုင်နက် ဗြိတိသျှစစ်သင်္ဘောကြီး ဘာမင်ဂန်စစ်သင်္ဘောကြီးမှလည်းကောင်း၊ မြန်မာ့ရေတပ်မတော်စစ်သင်္ဘော "မေယု" စစ်သင်္ဘောကြီးမှ လည်းကောင်း၊ အချက်ပေး မီးမောင်းများထိုးကာ အမြောက်ကြီးများ ပစ်ခတ်၍ "အခါတော်" ပေးကြလေသည်။"

အခြေအနေ (၁)

စိန်ရတုလွတ်လပ်ရေးကာလကို ရောက်ရှိနေပြီဖြစ်သော မြန်မာနိုင်ငံကို ယေဘုယျအားဖြင့် နှစ်ပိုင်းရှုမြင်နိုင်သည်။ ပထမပိုင်းမှာ ၁၉၀၁ – ၁၉၄၇ ခုနှစ်အထိဖြစ်သော လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ဒုတိယပိုင်းမှာ ၁၉၄၈ ခုနှစ်မှ မျက်မှောက်ခေတ်အထိဖြစ်သော လွတ်လပ်ရေးထိန်းသိမ်းကာကွယ်မှုနှင့် ရေရှည်ဖွံ့ဖြိုးသာယာဝပြောရေး ရှေ့သို့ချီတက်လျက်ရှိသောကာလဖြစ်သည်။

ပထမပိုင်းတွင် ဘိုးဘေးဘီဘင်တို့၏ နှလုံးရည်၊ စွယ်စုံအင်အားပေါင်းစပ်ကာ ဗြိတိသျှနယ်ချဲ့အောက်မှ လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သောနိုင်ငံဖြစ်လာသည်။

၂၀ ရာစုအစ အတိတ်ကြေးမုံပြင် သတင်းစာဟောင်းများကို ရှုကြည့်သည့်အခါ မြန်မာတို့၏ ဘဝနှင့် မြန်မာတို့၏ မဝေးလှသောသမိုင်း၊ ဘဝကံကြမ္မာကိုဖန်တီးရာ၌ ပဓာနအားဖြင့် ဆောင်ကြဉ်းသူတို့မှာ အသိဉာဏ်ရှိသော လူသားကသာ အဆုံးအဖြတ်ပေးသည်ကို တွေ့ရှိရသည်။

**"နိုင်ငံရေး၊ စစ်ရေးဖြင့် လွတ်လပ်ရေးကို အသက်ပေးသွားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ တိုင်းပြည်ခေါင်းဆောင်ကြီးများသည် ဂျူဗလီဟောရုံကြီးတွင် ငြိမ်သက်လျက်ရှိကြပြီ။ သူတို့ကို အားကိုးအားထားပြုနေကြသော လူထုသည် မမေ့နိုင်ကြသဖြင့် ဂျူဗလီဟောရုံကြီးသို့ ချဉ်းကပ်ကြတော့သည်။ အချို့ပရိသတ်မှာ ဗိုလ်ချုပ်တို့အား လွမ်းဆွတ်တမ်းတသဖြင့် မျက်ရည်ကျတော့သည်။ ဒီလိုအခါများမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ အသက်ရှင်နေမယ်ဆိုလျှင် ဘယ်လောက်ကောင်းမလဲစသည့် အသံများကိုလည်း ကြားခဲ့ရသည်။"** လွတ်လပ်ရေးကို ယနေ့ပြည်သူများ မြင်တွေ့ခဲ့သည်မှာ နှစ်ပေါင်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးကာလသို့ ရောက်ရှိနေပြီဖြစ်သည်။

အခါတော်ရောက်ပြီ

"မြောက်ပြန်လေညင်းခေါ်သည့် လွတ်လပ်သည့် ဇန်နဝါရီ ၄ ရက် နံနက်သည်ကား ခိုက်ခိုက်တုန်အောင် ချမ်းလှ၏။ ထိုမျှလောက် မည်သည့်အခါကမှ ချမ်းစီးခဲ့သည်ဟု ရန်ကုန်ရာဇဝင်တွင် မရှိခဲ့။ ထူးမြတ်သော နံနက်ခင်းပင်ဟု ဆိုရမည်ဖြစ်ပေသည်။ နံနက် ၄ နာရီ မိနစ် ၂၀ ထိုးသည်နှင့်တစ်ပြိုင်နက် ဗြိတိသျှစစ်သင်္ဘောကြီး ဘာမင်ဂန်စစ်သင်္ဘောကြီးမှလည်းကောင်း၊ မြန်မာ့ရေတပ်မတော်စစ်သင်္ဘော "မေယု" စစ်သင်္ဘောကြီးမှလည်းကောင်း၊ အချက်ပေးမီးမောင်းများထိုးကာ အမြောက်ကြီးများပစ်ခတ်၍ "အခါတော်" ပေးကြလေသည်။" ထိုအချိန်တွင် ယာယီပါလီမန်လွှတ်တော်ရှေ့တွင်ရှိသော ဗြိတိသျှအလံတော်သည် ဗြိတိသျှအမျိုးသားသီချင်း "God Save the King" တီးမှုတ်၍ အလံတော်စတင်ချတော့သည်။ လွတ်လပ်သည့်အချိန်ကို ကြိုဆိုနေသည့် မီးရှူးမီးပန်းများနှင့် မီးထွန်းပွဲများမှာကား တစ်မြို့လုံးတွင် တင့်တယ်လှပေသည်။ ဒို့မြေလွတ်လပ်ပြီဆိုသောသီချင်းသံများကို နေရာတိုင်းတွင် ကြားရပေသည်။

လွတ်လပ်ရေးရရှိသည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် တစ်နိုင်ငံလုံး၊ ပြည်နယ်၊ မြို့နယ်များ၌ လွတ်လပ်ရေးနေ့ကို ပျော်ရွှင်မြူးထူးစွာကျင်းပပုံများကို သတင်းစာကြီးများက ရေးသားဖော်ပြထားသည်မှာ–

**"လွတ်လပ်ရေးရပြီကွဲ့။ တို့တစ်တွေ တစ်ဦးနှင့်တစ်ဦး ပြုံးစူစောင်းမြောင်းနေကြလို့ မတော်ဘူး။ ရှေးကထက်ပိုပြီး စည်းလုံးညီညွတ်ကြမှ တော်ရုံကျမယ်ဟု တတွတ်တွတ်နှင့်ပြောလျက် သူကဲ့သို့ပင် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် အိမ်တိုင်း၌ နိုင်ငံတော်အလံတော်များ လွှင့်တင်လျက်ရှိကြသည်။"** ဤလွတ်လပ်ရေးကား တစ်မျိုးလုံး၏ လွတ်လပ်ရေးပင်ဖြစ်သည်။

ဤနေ့ဤရက်တွင် အဓိကဖြစ်သော မေးခွန်းနှစ်ခုကိုမေးသင့်ကြသည်။

- ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသလား။
- ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသည့်အတိုင်း၊ လွတ်လပ်သောလူမျိုး၏ဝတ္တရားကို ကျေပွန်စွာဆောင်ရွက်နေသလား။

၁၉–၂၀ ရာစုအတွင်း ကိုလိုနီ၏အပြုအမူများကြောင့် မြန်မာ့ရေမြေ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်ဘုရင်၊ ကိုယ့်သခင်နှင့် နေလာခဲ့သည့် လွတ်လပ်မှုဂုဏ်အရှိန်အဝါနှင့် လူမှုစီးပွားရေးသမိုင်းကြောင်းသည် ပြောင်းလဲသွားခဲ့ပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း ၁၉ ရာစုကုန်ခါနီးတွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ ၂၀ ရာစုအဦး မြန်မာတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အပြောင်းအလဲများနှင့် ကြုံတွေ့ရသည်။ အရင်းရှင်နယ်ချဲ့တို့၏ ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကိုခံရ၊ အရင်းရှင်တို့၏ စီးပွားရေးလုပ်ငန်းသစ်များနှင့် ကြုံတွေ့ရသည်။ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်းတစ်ရာကျော်ကြာ မြန်မာတို့သည် လွတ်လပ်ရေးဆုံးရှုံးခဲ့ကာ သမိုင်းတစ်ကွေ့အဖြစ် ပြောင်းလဲသွားခဲ့ပါသည်။

အားလုံးသိပြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကချင်၊ ချင်း၊ ရှမ်းစသော တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့သည် တစည်းတလုံးတည်း နေထိုင်ကြတော့မည် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ရာ ပင်လုံညီလာခံသည် မြေပြန့်သားတို့နှင့် တောင်တန်းသားတို့၏ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့သည့် ထင်ရှားသည့်မှတ်တိုင်ကြီးတစ်ခုဖြစ်သည်။ **(ဟံသာဝတီ သတင်းစာ)**

*စာမျက်နှာ ၁၇ သို့*



၁၉၄၇ ခုနှစ် ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်ဆွေးနွေးရန် သွားရောက်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လန်ဒန်မြို့ ညှော်ခံပွဲ၌ တွေ့ရစဉ်။



၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်က ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုတို့ လန်ဒန်မြို့တွင် နု–အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။

# မအူပင်မြို့နယ် မင်းဘောကျေးရွာ၌ ဆိုလာရေတင်လုပ်ငန်းဆောင်ရွက်

**မအူပင် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မင်းဘောကျေးရွာ၌ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၆၆ ကီလိုဝပ် ဆိုလာရေတင်စနစ် ပြောင်းလဲတပ်ဆင်ခြင်း (မင်းဘောဒီဇယ်ရေတင်) လုပ်ငန်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၈ ရက်က ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီရန်နှင့် အချိန်မီပြီးစီးရန်၊ စိုက်ပျိုးရေကို တောင်သူများ အကျိုးရှိရှိအသုံးချရန်၊ အချိန်မီရေပေးဝေနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ အဆိုပါဆိုလာရေတင် လုပ်ငန်းပြီးစီးပါက လယ်ဧက၅၀၀ ကိုစိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်ပြီး လက်ရှိတွင် လယ်ဧက ၁၅၀ ကို ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု၌ နွေစပါးဧက ၁၀၀ တစ်ကွင်းတစ်စပ်တည်း တင်း ၁၂၀ နှင့်အထက် ထွက်ရှိရေးဆောင်ရွက်သည့် စံပြကွက် (Drum Seeder) စိုက်ခင်း၌ ဓာတ်မြေဩဇာကြဲပက်ပွဲကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရေးအတွက် သွင်းအားစုများ သက်သာသောနှုန်းထားဖြင့် အမြန်ဆုံးရရှိစေရေး ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သွင်းအားစုများ ထောက်ပံ့ပေးသည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထောက်ပံ့ပေးအပ်သည့် သွင်းအားစုများကိုလည်း လယ်ယာလုပ်ငန်းအတွက် စနစ်တကျသုံးစွဲကြရန် လိုကြောင်းနှင့် ယူရီးယားဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) များ ပိုမိုထည့်သွင်း အသုံးပြုရေးတို့ကို မှာကြားခဲ့သည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

**အခြေအနေ (၂)**

သမ္မတ ဖရင့်ကလင်တန် ဒီလင်နိုရုစဘဲ့လ် (၁၉၃၃-၄၅) ခုနှစ်က ဒုတိယကမ္ဘာစစ်ကြီးသည် သမိုင်းကြောင်းအပြောင်းအလဲကြီးဟု မြင်ခဲ့သူ၊ အနောက်နိုင်ငံများ၏ ကိုလိုနီစနစ် အဆုံးသတ်စေခဲ့သည်ဟု ရှုမြင်ခဲ့သူဖြစ်သည်။ ရုစဘဲ့လ်က အိန္ဒိယကို လွတ်လပ်ရေးပေးရန် ဗြိတိသျှတို့အား တိုက်တွန်းနှိုးဆော်ခဲ့သူ၊ အင်ဒိုချိုင်းနားကို ပြင်သစ်တို့က ပြန်လည်သိမ်းပိုက်လိုမှုကိုလည်း ရပ်တန်းက ရပ်ဖို့ တိုက်တွန်းနိုင်ခဲ့သူဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးရေချိန်က လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဆိုသည့် နိုင်ငံရေး၊ စစ်ရေး ရေချိန်က မြင့်ခဲ့ကြောင်း အားလုံးသိရှိပြီးဖြစ်ပါသည်။ နိုင်ငံရေး၊ စစ်ရေး အသင့်ရှိနေသည်ကိုမြင်သည့် ဗြိတိသျှတို့သည် လွတ်လပ်ရေးပေးရန်သာရှိကြောင်း ဖြစ်ပေတော့သည်။ ဤသို့ဖြင့် အောင်ဆန်း - အက်တလီ၊ နု - အက်တလီတို့ အသီးသီးလက်မှတ်ရေးထိုးကြကာ တစ်နိုင်ငံလုံး လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**Aung San–Atlee Agreement**

**(27 January 1947)**

His Majesty's Government and the Delegation of the Burma Executive Council having discussed all the matters affecting the future relations between Great Britain and Burma which were raised by the Delegation have reached the following agreed conclusions as to the methods by which the people of Burma may achieve their independence, either within or without the Commonwealth, as soon as possible: --

**10. Other Matters**

A number of other questions will arise for settlement between His Majesty's Government and the Government of Burma connected with the change in the status of Burma. These will be taken up as they arise and will dealt with in the same friendly and cooperative spirit that has marked the present discussions.

Both His Majesty's Government and the Delegates of the Burma Executive Council are convinced that by a continuation of the present method towards their common objective of a free and independent Burma, whether within or without the British Commonwealth of Nations, and they have, therefore, agreed to cooperate in the settlement of all future matters which shall arise between them through the transitional period until Burma's new Constitution comes into operation.

**R. ATLEE (Sd.) AUNG SAN**

**10 Downing Street, S.W. 1,**

**27th January 1947.**

**Note:** The Hon. Thakin Ba Sein and the Hon. U Saw are unable to associate themselves with these conclusions.

(Major parts of the Agreement are described here by the Author)

**Nu Atlee Act (17 October 1947)**

After years of being a colony, on 17 October 1947, Prime Ministers, U Nu of Burma and Clement Atlee of the UK signed a treaty formally for the recognizing the independence of the Union of Burma, "Treaty between the Government of the United Kingdom and the Provisional Government of Burma, Burma Independence Act", known as the Nu–Atlee Agreement within the UN Charter on the principle of decolonization. In Article 1, the Government of the UK recognizes the Republic of the Union of Burma as a fully Independent Sovereign State.

The Constitution for this sovereign Independent Republic was completed on 24 September 1947 by the constituent Assembly. Following approval of the Constitution by the British parliament and signing of defense agreement, Burma became free on 4 January 1948.

(Major parts of the Agreement are described here by the Author)

**ဝန်ကြီးချုပ်သခင်နု၏ လွတ်လပ်ရေးနေ့မိန့်ခွန်း**

"လွတ်လပ်ရေးနှင့်တကွ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပါရပြီ။ ဒီနေ့ဟာ ကျွန်တော်တို့ပြည်ထောင်စုဗမာနိုင်ငံသားများရဲ့ လွတ်လပ်ရေးနေ့ပါပဲ။ ဒီနေ့ဟာဖြင့် ကျွန်တော်တို့အဖို့မှာ အလွန်တရာထူးတဲ့ မြတ်တဲ့နေ့ထူးနေ့မြတ်ကြီးပါပဲ။ ဒီလိုနေ့မျိုးမှာဆိုရင် ကျွန်တော်တို့ဘာတွေကို တွေးတောအောက်မေ့ မိမှာလဲ။ ကိုယ့်နိုင်ငံအကြောင်းလို့ဆိုတော့ သာယာဝပြောစည်ပင်တဲ့ ကျွန်တော်တို့ရဲ့ ဗမာနိုင်ငံကြီးရဲ့အကြောင်းပဲ ဆိုပါတော့။ ဗမာတွေတကယ်အလုပ်လုပ်ဖို့လိုပြီ"

"နောက်တစ်ချက်ကတော့ ကျွန်တော်ဟာ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ်ဖြင့် လည်းကောင်း၊ နိုင်ငံတော်၏အကျိုးကို ရှေ့ဆုံးကနေပြီး ထမ်းရွက်တဲ့အမှုထမ်းအဖြစ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော်၏ကိုယ်စား ပြည်ထောင်အချင်းချင်းဖြစ်သော အခြားနိုင်ငံသားများအား မေတ္တာစကားပြောလိုပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံခြားများနှင့် အစဉ်ထာဝရ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေလိုပါတယ်။ ကြည်ကြည်သာသာ ဆက်ဆံလိုပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံခြားများအား မေတ္တာပို့သလျက်ရှိပါတယ်။ မွန်မြတ်၍ တိုးတက်ကောင်းမွန်သော၊ ကမ္ဘာ့အိမ်ထောင်ကို ဖန်တီးသောလုပ်ငန်းအရပ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ရန် အားထုတ်ပါမယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လူသတ္တဝါခပ်သိမ်း၏ငြိမ်းချမ်းရေးကိုလည်း အမြဲလိုလားတောင့်တပါတယ်။ ထိုငြိမ်းချမ်းရေးတို့ကို ရရှိအောင်လည်း အားထုတ်ပါ့မယ်။ မလွတ်လပ်သေးတဲ့နိုင်ငံများကိုလည်း အထူးမေတ္တာစကားပြောကြားလိုပါတယ်။ ကျွန်တော်တို့ ယခုရရှိတဲ့ လွတ်လပ်ရေးမျိုးကို မလွတ်လပ်သေးသော ထိုထိုသောနိုင်ငံများလည်း မကြာချက်ချင်းရကြပါစေသော်လို့ ဆုတောင်းပါတယ်။"

"အဘမြန်မာနိုင်ငံကိုချစ်ပါ။ ကာကွယ်စောင့်ရှောက်ပါ"ဟုလည်း ကချင်ခေါင်းဆောင် ဆမားဒူးဝါး ဆင်ဝါးနောင်က ဆိုခဲ့သည်၊ ဇန်နဝါရီလတွင် ကျင်းပသည့် မနောပွဲသို့ ကြွရောက်ရန် ဖိတ်ကြားခဲ့သည်ကိုလည်း ဟံသာဝတီသတင်းစာ၌ ဖတ်ရှုရသည်။

**လန်ဒန်မြန်မာသံရုံးအောင်ပွဲသဘင်**

**မြန်မာသံအမတ်ကြီးက အလံတော်လွှင့်တင်ခြင်း**

(လန်ဒန်မြို့ ဇန်နဝါရီ ၄ ရက်နေ့စွဲ ရိုက်တာကြေးနန်း)

"နေအရုဏ်ကျင်း၍ အလင်းသို့ရောက်လျှင်ရောက်ချင်း ရာပေါင်းများစွာသော မြန်မာမျိုးချစ်ပုဂ္ဂိုလ်တို့သည် ကမ္ဘာ့ထိပ်သီး ပုဂ္ဂိုလ်ကြီးများနှင့်အတူ မြန်မာပြည်အာဏာလွှဲပြောင်းရေး အခမ်းအနားပွဲကြီးကို မြန်မာပြည်ပဌမ မဟာမင်းကြီးဆာမောင်ကြီး၏ ရုံးတော်တွင် ဆင်ယင်ကျင်းပကြကြောင်း၊ ဆာမောင်ကြီးက သုံးရောင်ခြယ် ကြယ်တံဆိပ် အလံတော်ကြီးကို အလံတိုင်ထိပ်သို့ လွှင့်တင်ရင်းဖြင့် အခမ်းအနားဖွင့်လှစ်လိုက်သည်။ လန်ဒန်မြို့၌ လွတ်လပ်ရေးနေ့အောင်ပွဲသဘင် ကျင်းပလျက်ရှိစဉ် အပြင်ဘက်၌ မိုးရွာ၍ စွတ်စိုထိုင်းမှိုင်းလျက်ရှိပြီး တစ်ခါတစ်ခါ၌ ပြာလဲ့သောကောင်းကင်ကိုမြင်ရ၏။"ဟု ရိုက်တာသတင်းထောက်ပရေဇာဝိုက်တန်က ရေးသားပေးပို့လိုက်ကြောင်း။

ဆာမောင်ကြီးသည် ဘုရင်မင်းမြတ်က ဗမာပြည်ထောင်စု နိုင်ငံတော်သမ္မတကြီးထံသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြသလေသည်။ ထို့နောက် ဗမာပြည်သမ္မတကြီး၏ သဝဏ်လွှာနှင့် ဗမာပြည်အစိုးရဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်တို့ထံမှ သဝဏ်လွှာများကို ဆက်လက်ဖတ်ပြလေသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ လန်ဒန်မြို့ရှိ အဆိုပါအိမ်အိုအိမ်လှကြီးသည် ဗမာပြည်၏ သံရုံးအဖြစ်သို့ ရောက်ရှိလာခဲ့ပေသည်။

လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် တစ်နိုင်ငံလုံး မြို့နယ်ပြည်နယ်များ၌ လွတ်လပ်ရေးနေ့ကို ပျော်ရွှင်မြူးထူးစွာကျင်းပပုံများကို သတင်းစာကြီးများက ရေးသားဖော်ပြပုံများကို သိရှိရရာ မြန်မာတို့သည် မုန်းလွယ်ချစ်လွယ်ကြောင်း ဥပေက္ခာပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

ဗြိတိသျှတို့က တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် စစ်အင်အားကို မြန်မာအစိုးရအား လွှဲပြောင်းပြီး သမ္မတကြီးအား ရိုစ်ရိုက်စ် (Rolls–Royce) ကားတစ်စီး၊ ဝန်ကြီးချုပ်ဦးနုအား အော်စတင်ကားတစ်စီး လက်ဆောင်ပဏ္ဏာအဖြစ် ဂုဏ်ပြုပေးအပ်သည်ကိုလည်း ဖတ်ရှုရပါသည်။

**"ကျုပ် နိုင်ငံရေးရာထူး ရရစေတော့ဟူ၍ ဘယ်တော့မှ မရည်ရွယ်ဘူး။ (I have no political ambition) ဟူ၍ သခင်နုသည် အမြဲပြော၏၊ "မင်းတို့မကြိုက်လျှင် ငါယခုထွက်မယ်။ ငါစားဖားကြီးမဟုတ်ဟု ပြောလွန်းလို့ ဆွဲထားခြင်းခံရသောပုဂ္ဂိုလ်ကား သူတစ်ဦးပင်။ "ဒီမိုကရေစီ" ကို ပါးစပ်က ကြိုက်သည်ဟုဆိုသော်လည်း ဝသီအားဖြင့် (ဝါ) အကျင့်အားဖြင့် အသက်ဦးဆံပိုင်ဘုရင်ကြီးနှင့်တူနေ၏။ ရုပ်သေးထဲတွင် ပြသောဘုရင်ကြီးနှင့်တူ၏။ ဒီမိုကရေစီ၏ပရိယာယ်ကို သူမကြိုက်ချေ။ မကြိုက်ဘူးဟု သူမကြာမကြာ သူ၏သူငယ်ချင်းတွေကို ပြောပြ၏။"**

၁၉၄၈ ခုနှစ် ဒီဇင်ဘာလထုတ် ဗမာ့ခေတ်သတင်းစာတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုသောအားဖြင့် အိမ်တိုင်း အိမ်တိုင်း အလံတင်ဖို့နှိုးဆော်သည့်သတင်းကို စတင်တွေ့ရှိရပါသည်။ ရုပ်ရှင်ရုံများနှင့် အခမ်းအနားများတွင် အသံလွှင့်အလေးပြု နိုင်ငံတော်သီချင်းကို နှစ်ပေါင်း ၇၀ ကျော် ကြုံခဲ့ရကာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ကိန်းအောင်းကာ နိုင်ငံ့လွတ်လပ်ရေးကိုပြည်သူတို့က ကာကွယ်လျက်ရှိသည်ကို တွေ့ရှိရသည်။

(ဆက်လက်ဖော်ပြပါမည်)

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၁၈) နဲ့ ကြားရက်မှာ ပရီမီယာလိဂ်ပွဲစဉ် (၁၉) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာပါ။ တန်းဆင်းဇုန်အသင်းအချင်းချင်းတွေ့ဆုံတဲ့ပွဲစဉ် ပါဝင်သလို အသင်းကြီးအချင်းချင်းတွေ့ဆုံတဲ့ ပွဲစဉ်လည်း ပါဝင်ပါတယ်။

| ပရီမီယာလိဂ်ပွဲစဉ် (၁၈) | |
|---|---|
| ၃၁-၁၂-၂၀၂၂ | စနေနေ့ |
| ဝုဖ် - မန်ယူ | ည ၇း၀၀ |
| ဘုန်းမောက် - ပဲလေ့စ် | ည ၉း၃၀ |
| ဖူလ်ဟမ်-ဆောက်သမ်တန် | ည ၉း၃၀ |
| မန်စီးတီး - အဲဗာတန် | ည ၉း၃၀ |
| ကာဆယ် - လိဒ်စ် | ည ၉း၃၀ |
| ဘရိုက်တန် - အာဆင်နယ် | နံနက်၁၂း၀၀ |
| ၁-၁-၂၀၂၃ | တနင်္ဂနွေနေ့ |
| စပါး - ဗီလာ | ည ၈း၃၀ |
| နော်တင်ဟမ် - ချယ်ဆီး | ည ၁၁း၀၀ |
| ၂-၁-၂၀၂၃ | တနင်္လာနေ့ |
| ဘရန့်ဖို့ဒ် - လီဗာပူး | နံနက် ၁၂း၀၀ |
| ပရီမီယာလိဂ်ပွဲစဉ် (၁၉) | |
| ၃-၁-၂၀၂၃ | အင်္ဂါနေ့ |
| အဲဗာတန် - ဘရိုက်တန် | နံနက် ၂း၁၅ |
| လက်စတာ - ဖူလ်ဟမ် | နံနက် ၂း၁၅ |
| အာဆင်နယ် - ကာဆယ် | နံနက် ၂း၁၅ |
| မန်ယူ - ဘုန်းမောက် | နံနက် ၂း၃၀ |
| ၄-၁-၂၀၂၃ | ဗုဒ္ဓဟူးနေ့ |
| ဆောက်သမ်တန်-နော်တင်ဟမ် | နံနက်၂း၀၀ |
| လိဒ်စ် - ဝက်စ်ဟမ်း | နံနက် ၂း၁၅ |
| ဗီလာ - ဝုဖ် | နံနက် ၂း၃၀ |
| ပဲလေ့စ် - စပါး | နံနက် ၂း၃၀ |
| ၅-၁-၂၀၂၃ | ကြာသပတေးနေ့ |
| ချယ်ဆီး - မန်စီးတီး | နံနက် ၂း၃၀ |

# ချန်ပီယံလမ်းကြောင်းပေါ်က အာဆင်နယ်ကို ဘရိုက်တန်အသင်း ဟန့်တားဖို့ ခက်မယ်

မိုးဇက်




## ဝုဖ် VS မန်ယူ

နောက်ဆုံးတွေ့ဆုံမှု မန်ယူ ၀-၁ ဝုဖ်

ပြီးခဲ့တဲ့ပွဲမှာ နှစ်သင်းစလုံး နိုင်ပွဲရရှိထားတယ်ဆိုပေမယ့် ဝုဖ်က တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့် နိုင်ပွဲရရှိရေး အာရုံစိုက်ကစားလာမှာပါ။ မန်ယူကလည်း အဆင့် (၄) အတွင်းဝင်ဖို့ အမှားခံလို့ မရတဲ့ အနေအထားရှိတယ်။

## ဘရိုက်တန် VS အာဆင်နယ်

နောက်ဆုံးတွေ့ဆုံမှု အာဆင်နယ် ၁-၃ ဘရိုက်တန်

ဘရိုက်တန်ရဲ့ ခြေစွမ်းကောင်းမွန်ပေမယ့် ဦးဆောင်သူ အာဆင်နယ်ကို ကျော်ဖြတ်ဖို့ ခက်ပါလိမ့်မယ်။ အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ဆက်လက်ဦးဆောင်နိုင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ် အမှတ်ပြည့်ရရှိမယ်။

## စပါး VS ဗီလာ

နောက်ဆုံးတွေ့ဆုံမှု ဗီလာ ၀-၄ စပါး

ပုံစံကောင်းရရှိနေတဲ့ စပါးနဲ့ ပုံစံကောင်းရရှိဖို့ ကြိုးစားနေတဲ့ ဗီလာအသင်းတို့ရဲ့ အားပြိုင်မှုမှာ အမှတ်ပေးဇယားရပ်တည်မှုအရ စပါးအသင်း အသာရဖွယ်ရှိတယ်။ တန်းဆင်းဇုန် ဖိအားရှိတဲ့အတွက် မထင်မှတ်ဘဲ ဗီလာ အနိုင်ရနိုင်တယ်။

## ဘရန့်ဖို့ဒ် VS လီဗာပူး

နောက်ဆုံးတွေ့ဆုံမှု လီဗာပူး ၃-၀ ဘရန့်ဖို့ဒ်

လီဗာပူးက ခြေစွမ်းပြန်တက်လာပေမယ့် မာကျောကျစ်လျစ်တဲ့ ဘရန့်ဖို့ဒ်ကို အနိုင်ယူဖို့ဆိုရင် ယခင်ပွဲစဉ်တွေက ခြေစွမ်းထက် သာလွန်ဖို့နဲ့ အဆုံးသတ်ပိုင်း သေချာဖို့ လိုတယ်။ သို့မဟုတ်ရင် ဘရန့်ဖို့ဒ် အောင်ပွဲခံသွားနိုင်တယ်။

## ဆောက်သမ်တန် VS နော်တင်ဟမ်

နောက်ဆုံးတွေ့ဆုံမှု နော်တင်ဟမ် ၀-၃ ဆောက်သမ်တန်

ဒီရာသီမှာ ခံစစ်အဆိုးရွားဆုံးအသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်ပြီး နှစ်သင်းစလုံး တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ကြိုးစားလာမှာပါ။ နော်တင်ဟမ်အသင်းထက် ဆောက်သမ်တန်အသင်းရဲ့ကစားဟန်က ကျစ်လျစ်မှုရှိတယ်။

## ချယ်ဆီး VS မန်စီးတီး

နောက်ဆုံးတွေ့ဆုံမှု မန်စီးတီး ၂-၀ ချယ်ဆီး

မန်စီးတီးက ချယ်ဆီးအသင်းထက် တိုက်စစ်၊ ခံစစ် အကောင်းဆုံးပုံစံမှာရှိတယ်။ အဆင့် (၄) အတွင်း ဝင်ရောက်ရေး မျှော်လင့်ချက်အားကောင်းဖို့ ကြိုးစားလာမယ့် ချယ်ဆီးထက် တိုက်စစ်ထက်တဲ့ မန်စီးတီးအသာရဖွယ်ရှိတယ်။

## နောက်ဆုံးရသတင်းတိုများ

- လာမည့်နှစ်တွင် ဒေါ့မွန်မှ အင်္ဂလန်ကွင်းလယ်ကစားသမား ဘဲလင်ဂမ်ကို ခေါ်ယူရေး ရီးရဲမက်ဒရစ် ဦးစားပေး လုပ်ဆောင်မည်။
- ဘင်ဖီကာမှ အာဂျင်တီးနား ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကို စာချုပ်လျှော်ကြေး ပေါင် ၁၀၅ သန်း ပေးချေကာ ချယ်ဆီး ခေါ်ယူမည်။
- ဘာစီလိုနာမှ အိုင်ဗရီကို့စ် ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီကို ပေါင် ၁၃ သန်းဖြင့် စပါးအသင်း ကမ်းလှမ်းလိုက်သည်။

## ရက်သတ္တလေးပတ်အထိ ရေစီဂျိမ်း အနားယူရဖွယ်ရှိ



ချယ်ဆီးခံစစ်ကစားသမား ရေစီဂျိမ်းစ် (၂၃နှစ်) သည် အင်္ဂါနေ့က ဘုန်းမောက်ကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဒူးဒဏ်ရာ ရရှိခဲ့သောကြောင့် ရက်သတ္တသုံးပတ်မှ လေးပတ်အထိ အနားယူရဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ကစားသမားသည် ဒဏ်ရာကြောင့် အင်္ဂလန်အသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း လွဲချော်ထားသူ ဖြစ်သည်။ ဘုန်းမောက်အသင်းနှင့်ပွဲစဉ်သည် ဒဏ်ရာမှပြန်လည်သက်သာလာပြီးနောက် ပထမဆုံးယှဉ်ပြိုင်ကစားသည့် ပွဲစဉ်လည်း ဖြစ်သည်။ ၎င်းအတွက် ၂၀၂၂ ခုနှစ်သည် လက်ရှိအချိန်အထိ အခက်အခဲဆုံးနှစ်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က တွစ်တာတွင် ရေးသားထားသည်။ ရေစီဂျိမ်းသည် ယခုနှစ်ရာသီတွင် ချယ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ခုနစ်ပွဲတွင် တစ်ဂိုးသွင်းယူပေးထားသည်။



# ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီ အသက် ၈၂ နှစ်အရွယ်၌ ကွယ်လွန်

ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီသည် အသက် ၈၂ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ကမ္ဘာ့သတင်းမီဒီယာ စာမျက်နှာများတွင် အကျယ်တဝင့် ဖော်ပြထားသည်။

### ဘရာဇီးအသင်းအတွက် ၉၂ ပွဲတွင် ၇၇ ဂိုးသွင်း

ပီလီသည် ကစားသမားဘဝ ၂၁ နှစ်တာ ကာလအတွင်း မိခင်နိုင်ငံ ဘရာဇီးအသင်းအတွက် ၉၂ ပွဲတွင် သွင်းဂိုး ၇၇ ဂိုးအပါအဝင် ပွဲပေါင်း ၁၃၆၃ ပွဲ ပါဝင်ကစားခဲ့ပြီး သွင်းဂိုးပေါင်း ၁၂၈၁ ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

### ကမ္ဘာ့ဖလားကို သုံးကြိမ်တိုင်တိုင်ကိုင်မြှောက်ခွင့်ရရှိသည့် တစ်ဦးတည်းသော ကစားသမားဖြစ်

ထို့ပြင် ပီလီသည် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်တွင် ကမ္ဘာ့ဖလားကို သုံးကြိမ်တိုင်တိုင်ကိုင်မြှောက်ခွင့်ရရှိသည့် တစ်ဦးတည်းသော ကစားသမားဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်က ၂၀၀၀ ပြည့်နှစ်တွင် ပီလီကို ရာစုနှစ်၏ အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခဲ့သည်။

### အူမကြီးမှ အကျိတ်ကို ဖယ်ရှားရန် ခွဲစိတ်မှုပြုလုပ်ခဲ့ရ

ပီလီသည် မကြာသေးမီနှစ်များအတွင်း ကျောက်ကပ်နှင့် ဆီးကျိတ်ပြဿနာများကို ခံစားခဲ့ရကြောင်း သိရသည်။ ပုံမှန်ဆေးစစ်မှုများ ဆောင်ရွက်ရာတွင် အကျိတ်တွေ့ရှိပြီးနောက် ၂၀၂၁ ခုနှစ်တွင် ဆော်ပေါ်လိုရှိ အဲဘတ်အိုင်းစတိုင်းဆေးရုံ၌ အူမကြီးမှ အကျိတ်ကို ဖယ်ရှားရန် ခွဲစိတ်မှု ပြုလုပ်ခဲ့ရသည်ဟု ဆိုသည်။



### ဆေးရုံက ပီလီသေဆုံးကြောင်း အတည်ပြုခဲ့

၂၀၂၂ ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းတွင် ပီလီကို ဆေးရုံသို့ ပြန်လည် ပို့ဆောင်ခဲ့ရကြောင်းနှင့် ပီလီ၏ သမီးဖြစ်သူ ကေလီ နက်စီမန်တို့က ဆေးရုံမှ ဖခင်၏ အခြေအနေများနှင့်ပတ်သက်ပြီး ပရိသတ်များကို အသိပေးခဲ့ကြောင်း သိရသည်။ ပီလီသည် အူမကြီးကင်ဆာကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းအများအပြား ပျက်စီးမှုဖြစ်ပွားသောကြောင့် အဆိုပါဆေးရုံက ပီလီ သေဆုံးကြောင်း အတည်ပြုခဲ့သည်။

### Estadio Urbano Caldeira ၏ အလယ်တွင် အလောင်းကို ထားရှိသွားမည်

ဂန္ထဝင်ကစားသမားကြီး ပီလီ ကွယ်လွန်မှုနှင့် ပတ်သက်ပြီး ဘရာဇီးသမ္မတ ဂျေး ဘောလ်ဆွန်နာရိုက နိုင်ငံတော်အဆင့် ဝမ်းနည်းကြေကွဲဖွယ်အဖြစ် သုံးရက် ကြေညာလိုက်သည်။ ပီလီ၏ အသင်းဟောင်း ဆန်းတို့စ်က ပီလီ၏ စျာပနနှင့် ပတ်သက်ပြီး အသေးစိတ်ထုတ်ပြန်ခဲ့ရာ တနင်္လာနေ့တွင် ဆေးရုံမှ ပီလီ၏ အလောင်းကို သယ်ဆောင်ကာ အများပြည်သူ ဂါရဝပြုနိုင်ရန်အတွက် ဆန်းတို့စ်အားကစားကွင်း Estadio Urbano Caldeira ၏ အလယ်တွင် အလောင်းကို ထားရှိသွားမည် ဖြစ်ကြောင်း သိရသည်။

### ကလပ်အသင်းကစားသမား ဘဝကို အဆုံးသတ်

ပီလီသည် ကလပ်အသင်းကစားသမားဘဝကို ဆန်းတို့စ်အသင်းတွင် စတင်ခဲ့သူဖြစ်ပြီး ဂျာမနီဂန္ထဝင်ကစားသမား ဖရန့်ဇ် ဘက်ကင်ဘောင်ဝါ၊ ၁၉၇၀ ကမ္ဘာ့ဖလားဆွတ်ခူးရရှိခဲ့သည့် အသင်းဖော် ကားလို့စ် အဲလ်ဘတ်တို့နှင့်အတူ နယူးယောက်ကော့စ်မို့စ်အသင်းတွင် ကလပ်အသင်းကစားသမားဘဝကို အဆုံးသတ်ခဲ့သူ ဖြစ်သည်။

အောင်ဇော်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁၂-၂၀၂၂ စနေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ်အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | Weekly Sports Info |
| ၀၈:၃၅ | စစ်မီးငြိမ်းချိန်တန်ပါပြီ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၄၅ | စားမြိန်ဖွယ်ရာပျိုမေ့လက်ရာ |
| ၁၃:၃၀ | MRTV National News |
| ၁၆:၃၅ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် 'လွတ်လပ်ရေးတေးသံ ဇာတိမာန်' (အပိုင်း-၁) |
| ၁၇:၁၅ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် 'ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့်ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်' |
| ၁၇:၂၅ | နိုင်ငံကျော်အဆိုတော်မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ်တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် (အပိုင်း-၆) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာသီရိဂေဟာ |
| ၁၉:၂၀ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်း 'မိုးမြေသက်သေ တို့သွေးချင်းတွေ' (အပိုင်း-၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၃:၀၀ | ၂၀၂၃ နှစ်သစ်ကိုကြိုဆိုသည့် New Year Countdown Music Show တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၄:၀၀ | ၂၀၂၃ ခုနှစ်၊ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Thatta Htar Na (Sein Lei Lei) |
| 07:10 | Weekly Review |
| 07:26 | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| 07:43 | Myanmar Family Life: Rest & Recreation at the Zoo |
| 08:01 | News |
| 08:27 | Discovering Tribes: Yin Net Tribe - Their Life and Customs |
| 08:54 | Popa Flat-Topped Hill (Taung-Ka-Lat) |
| 08:58 | Quiz Time |
| 10:01 | News |
| 10:27 | Products of Myanmar - Myanmar Circular Stone Slab |
| 10:39 | Thilawa SEZ (Thriving Model Special Economic Zone) |
| 11:01 | Well-trained Elephants |

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဝဥအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ပြောင်းဖူးစေးဖက်ထုပ်

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မုဒုံမြို့သို့အလည်တစ်ခေါက် ဘင်လှိုင်ဘုရား

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော်(အပိုင်း-၆)

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ကြက်သားသခွါးသီးချက်နည်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၇)

**ဝကေကရင် (၂၀:၀၀ မှ ၂၁:၀၀)**
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဖားစည်မြေမှရိုးရာအလှ(အပိုင်း-၁)

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | Weekly International News |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၈:၄၀ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၁၀ | နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးသတင်း |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'** |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

ညနေ ၆ နာရီစ၍ မန္တလေးမြို့၏ (New Year Countdown Music Show ) ဖျော်ဖြေတင်ဆက်မှုများကို အစီအစဉ်ပြီးဆုံးသည် အထိတိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်ပါသည်။

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင် |
| ၀၇:၀၀ | ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ် |
| ၀၇:၃၀ | ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံအဆင့်ဆင့် |
| ၀၉:၃၅ | တိုက်ကြီးဒေသထွက်ကျွဲကော |
| ၁၈:၀၀ | နေပြည်တော်၏ New Year Countdown Music Show တိုက်ရိုက်ထုတ်လွှင့်မှု |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info/ Sports Diary |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၁၈:၀၀ | ရန်ကုန်မြို့၏ New Year Countdown Music Show တိုက်ရိုက်ထုတ်လွှင့်မှု |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်

ညောင်လေးပင် ဒီဇင်ဘာ ၃၀

စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဗိုလ်မင်းရောင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ညောင်လေးပင်မြို့ မြို့မ (၃) ရပ်ကွက် ဗိုလ်မင်းရောင်လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် (၂) ဦးဇော်မင်းယုက အမှာစကားပြောကြားပြီး ကွန်ကရစ်လမ်းဖွင့်ပွဲဆိုင်းဘုတ်ကို ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်အေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ ထု ရှစ်လက်မရှိကာ ရာသီမရွေးအသုံးပြုနိုင်ပြီ ဖြစ်၍ လူဦးရေ ၁၀၀၀၀ ကျော် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးနိုင်ထွန်းသူ ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ သီပေါမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၂၉ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။

စိုင်း(သီပေါ)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၃၀ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁၂ - ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၄၁၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၃၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၁၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၁၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၀ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၀ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၇ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၈၃၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၂ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၇၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၉၀၀ | ၃၅၇ | ၃၁၂၆၃၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၄၄၃ | ၁၄၆၁၈၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၆ | ၂၀၀၂၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၅ | ၂၈၅၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၅၆ | ၁၄၅၆၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀ | ၂၇၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၄၀၂ | ၁၉၇၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

❖ *ကျောဖုံးမှ*

ထိုကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်၌ ကျင်းပမည့် နှစ်သစ်ကို ကြိုဆိုသည့် ပျော်ပွဲရွှင်ပွဲ အစီအစဉ်တွင် Unplugged တီးဝိုင်းများဖြင့် နိုင်ငံကျော် အဆိုတော်များဖြစ်သည့် မြန်မာပြည်သိန်းတန်၊ D ဖြိုး၊ ဂျေမိုင်းမိုင်တို့၏ ဖျော်ဖြေမှုများကို MRTV ၏ Farmer's Channel တွင် လည်းကောင်း၊ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည့် ပျော်ပွဲရွှင်ပွဲ အစီအစဉ်တွင် GREAT NINE MUSIC BAND ၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်သည့် အကယ်ဒမီများရှင် ရန်အောင်၊ အကယ်ဒမီများရှင် ရဲအောင်၊ အကယ်ဒမီများရှင် မေသန်းနု၊ စတီရီယိုတေးသံရှင် ဂျက်မြသောင်း၊ ပြည်မိုး၊ စိန်လင်း၊ ရုပ်ရှင်သရုပ်ဆောင် ဘုန်းလျှံ၊ လှမျိုးသဥ္ဇာနွယ်၊ ပွင့်နဒီမောင်၊ သဥ္ဇာမြင့်မိုရ်၊ စိုးသီဟ၊ ရုပ်ရှင်သရုပ်ဆောင်/တေးသံရှင် ဝေလျှံ၊ ဂျင်းနီ၊ ဆူဇီ၊ တူယှဉ်နွဲပျော် ဂီတပွဲတော်မှ စိုးထက်အောင်၊ ထွန်းပပအောင်၊ ပူတူးနှင့် ပြုံးအသင်္ချေ၊ ယွန်းသီရိကျော်၊ မျိုးဆက်သစ်တေးသံရှင်များစွာ ပါဝင်တင်ဆက်သွားမည့် ဖျော်ဖြေမှုများကို MRTV ၏ Sports Channel တွင်လည်းကောင်း၊ မန္တလေး မန္တလာသီရိအားကစားကွင်း၌ နိုင်ငံကျော်အဆိုတော်များ ပါဝင်တင်ဆက်မည့် ဖျော်ဖြေတင်ဆက်မှုများကို MRTV ၏ Parliament Channel တွင် လည်းကောင်း၊ ဖျော်ဖြေပွဲ စတင်ချိန် ညနေ ၆ နာရီမှ အစီအစဉ်ပြီးစီးသည်အထိ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ MRTV HD Channel တွင် ည ၈ နာရီ သတင်းများ အပြီးမှစတင်၍အစီအစဉ်ပြီးစီးချိန်အထိ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ကျင်းပသည့် ဂီတဖျော်ဖြေပွဲ Live Show အစီအစဉ်များကို ပေါင်းစပ်၍ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ဖြန့်ဖြူးသူပြောင်းလဲခြင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ SHANGHAI E-TONG CHEMICAL CO.,LTDကုမ္ပဏီမှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကိုပြည်တွင်းမူလဖြန့်ဖြူးသည့် YONTA MYANMAR COMPANY LIMITED ကုမ္ပဏီမှ Seinn Lae Thwin Co,Ltd ကုမ္ပဏီသို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွား.မည်ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိ ပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁ | Yonta Biso | BISPYRIBAC-SODIUM 40% SC | Provisional | P2022-5543 |
| ၂ | Yonta Sunshine | Cyhalofop-butyl 50g/l+Penoxsulam 10g/l OD | Provisional | P2022-5762 |
| ၃ | ET - Ametin | ABAMECTIN 1.8%EC | Full | P2019-2081 |
| ၄ | ET-Car | Cartap 95% SP | Full | P2021-3174 |

သို့ဖြစ်ပါ၍ အဆိုပါ ဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့် ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Seinn Lae Thwin Co.,Ltd ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့် ၊ အမှတ်(၅၂၅)၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု- ရွှေတွင်း၊ ကွင်း/အကွက်အမှတ်နှင့်အမည်- ၁၅၅၅-ကျောင်းကြီးညီမ၊ ဦးပိုင်အမှတ်- ၅-ဃ ၊ မြေအမျိုးအစား- အဆောက်အဦးမြေ၊ ဧရိယာ- ၁. ၀၀ ဧက ရှိ နှစ်တို (၁၀) နှစ် စက်မှု/စီးပွား မြေငှားဂရန်မြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်ဝင်းဦး (၁၂/စခန (နိုင်) ၀၀၆၅၇၄) (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်- ၂၂၀၁၁/၂၀၂၂ ကိုရရှိထားသူ ဒေါ်တင်ဝင်းယု ၊ ၁၂/ကမရ (နိုင်) ၀၁၃၅၈၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ-
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကျိုင်းတုံတက္ကသိုလ် အဝေးသင်သင်တန်း ပထဝီဝင်(အထူးပြု) ၂၀၁၉ (၄ပ-၄၄) (၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မမီဂျူး၏ဖခင် ဦးလီမီ(ခ)ဦးလီမိ ၁၃/ကတန(နိုင်)၀၄၈၉၆၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးလီမီ(ခ)ဦးလီမိ

## ပင်လုံတက္ကသိုလ်၌ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

လွိုင်လင် ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ပင်လုံတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပင်လုံတက္ကသိုလ် ပညာရေးအဖွဲ့၊ စီမံခန့်ခွဲရေးအဖွဲ့များက စင်မြင့်ပေါ်တွင်နေရာယူ မိတ်ဆက်ခြင်း၊ ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနီလာမြင့် က ဩဝါဒစကားမြွက်ကြားပြီး ဒုတိယပါမောက္ခချုပ် ဆရာမကြီးဒေါက်တာခင်လေးရီက အမှာစကားပြောကြားကာ ပင်လုံတက္ကသိုလ် သင်တန်းရေးရာဌာန၊ ဌာနမှူး ဆရာဦးထွန်းလှိုင်၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို စီးပွားရေးပညာဌာန၊ ပါမောက္ခဌာနမှူး ဒေါက်တာရန်ရန်မျိုးနိုင်၊ သိပ္ပံဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာစိုးသန်းတို့က ဘာသာရပ်ဆိုင်ရာများ အသီးသီးရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ ၊ ပါမောက္ခဌာနမှူးများ ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသောဧည့်သည်များ ၊ တက္ကသိုလ်ပထမနှစ်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

■ *ကျောဖုံးမှ*

ဆီထွက်သီးနှံများ အရောင်းအဝယ် ပိုမိုကောင်းမွန်နေကြောင်း၊ ပြီးခဲ့သည့် နှစ်ကာလတူအချိန်က မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှင့် မြေပဲဆန် တစ်ပိဿာလျှင်ငွေကျပ် ၃၂၀၀ သာရှိခဲ့သော်လည်း ယခုနှစ်လက်ရှိအချိန်တွင် မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ နှင့် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ကျော် ဈေးတို့ဖြင့် အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့် က ပြောသည်။

"ဈေးကွက်ထဲမှာတော့ ပြီးခဲ့တဲ့ နှစ်ထက်စာရင် အန္တိယပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံတွေ ဈေးကောင်းရနေတယ်။ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ ပဲတီစိမ်းနဲ့ မြေပဲဆန်တွေလည်း ဈေးကောင်းရရှိနေတယ်။ ဒီနှစ်ရာသီဥတုက အသင့်အတင့်ကောင်းမွန်တာကြောင့် သီးနှံတွေလည်းပုံမှန်အတိုင်း ထွက် ရှိလာပါတယ်။ ခုချိန်မှာ ပြီးခဲ့တဲ့နှစ် ကာလတူက ပေါ်ဦးပေါ်ဖျားဈေးတွေထက် ၃၀ ရာခိုင်နှုန်းလောက် မြင့်တက်လာပါတယ်။ လက်ရှိမှာ ပြည်ပပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ပဲယင်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲလွန်းဖြူတွေ အားလုံးထွက်ရှိလာပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ်မှာ ဖောက်သည် နိုင်ငံတွေကလည်း ဝယ်ယူမှုတွေ တိုးတက်များပြားပြီးတော့ စဉ်ဆက်မပြတ် ပိုမိုဝယ်ယူမှုတွေလည်း ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးထွက်ကုန်တွေနဲ့ နိုင်ငံ့စီးပွားရေး ဦးမော့လာလိမ့်မယ်လို့ ခန့်မှန်းပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ပြည်ပဈေးကွက်ဝင်ပို့ကုန် ပဲများနှင့် ဆီထွက်သီးနှံများ ဈေးကွက်သို့ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ယင်းပဲသီးနှံများကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်ရာသီသာ စိုက်ပျိုးကြကြောင်းလည်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)

## မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၈)ကြိမ်မြောက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၈)ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ်(၁/၁၉)၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၌ ၁၀-၁-၂၀၂၃ (အင်္ဂါနေ့)၊ နံနက် ၉ နာရီတွင်ကျင်းပပါမည်။

၂။ အဆိုပါအခမ်းအနားတွင် ၂၀၂၂ ခုနှစ် မတ်လ၌ ကျင်းပခဲ့သော လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ်(၄၄) စာမေးပွဲ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ၌ ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ်(၃၉)စာမေးပွဲနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၌ ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့ စာရင်းကိုင်အဖြစ် အသိအမှတ်ပြု စာမေးပွဲအောင်မြင်သူများကို အောင်လက်မှတ်များပေးအပ်မည်ဖြစ်ပါသည်။

၃။ အောင်လက်မှတ် လက်ခံရယူမည့် သင်တန်းသား/သင်တန်းသူအားလုံးကို အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားပါသည်။

၄။ အောင်လက်မှတ်တက်ရောက်ယူမည့်သူများသည် အောင်လက်မှတ်ကြေး ကျပ် ၅၀၀၀ နှင့် ၁" x ၁" အရွယ် ဓာတ်ပုံ(၁)ပုံဖြင့် တက်ရောက်ခွင့်လျှောက်လွှာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်) တွင် ၂-၁-၂၀၂၃ ရက်မှ ၅-၁-၂၀၂၃ ရက်အတွင်း ပေးသွင်းလျှောက်ထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ

## " ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၇)လမ်း၊ အမှတ် - ၃၃၄ (၆-လွှာ)၊ (ခြေရင်းခန်း)၊ လူနေတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့် ရှိသူဟု အဆိုရှိသူ ဦးရဲထူး (၉/တသန(နိုင်)၁၅၆၉၈၄)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားများ စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ (၉.၁.၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းအောင် (ငါးသိုင်းချောင်း)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၉ (၂.၂.၂၀၁၂)၊ ဖုန်း-၀၉-၅၀၅၄၃၆၆

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မကွေးနည်းပညာတက္ကသိုလ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ

မကွေး ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နည်းပညာတက္ကသိုလ်(မကွေး)တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၉ ရက်က နည်းပညာတက္ကသိုလ်(မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် နည်းပညာတက္ကသိုလ်(မကွေး)ပါမောက္ခချုပ် ဒေါက်တာတင့်ဆန်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဇော်၊ နည်းပညာတက္ကသိုလ်(မကွေး)ရှိ ဌာန အသီးသီးမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ပြီး ပါမောက္ခချုပ်က အမှာစကားပြောကြား၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ လူငယ်နှင့် ပညာရေး ခေါင်းစဉ်ဖြင့် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ခြောက်ဦး ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၁ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင် (၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခုတင် (၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လူနာများအား ကုသမှုပေးရန် FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ ကင်ဆာဆေးဝါးများ အပါအဝင်၊ Speciality ဆေးဝါးများ၊ ခတ်ခွဲခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Basic Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန် -** ၂-၁-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၂၃ရက်(သောကြာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံး၊ ခုတင် (၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ခုတင် (၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့၊ ဖုန်း-၀၅၃-၂၀၂၇၃၅၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်၊ ပန်းဘဲတန်းလမ်း၊ကွင်းအမှတ်(၅)၊ ဦးပိုင်အမှတ် ၃၄၂၊ ဧရိယာ ၀ဒသမ ၀၂၇ ရှိ ဦးခင်မြင့် ပိုင်ဆိုင်သည့် မြေကွက်နှင့် အဆောက်အအုံအား ၎င်း၏အမွေဆက်ခံသူ သားသမီး(၅)ဦးထံမှ ဒေါ်မြတ်မြတ်သင်း ၇/ပမန(နိုင်)၀၀၇၇၅၅ က ၁၇-၁၂-၂၀၂၂ရက်တွင် စရန်ငွေ အချို့ပေးချေ ဝယ်ယူခဲ့ပြီးပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံ ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပိုင်ဆိုင်မှုသက်သေအထောက်အထား စာရွက်စာတမ်း စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ်သင်း ၇/ပမန(နိုင်)၀၀၇၇၅၅**
**ဖုန်း-၀၉-၅၃၇၇၀၂၉၄**

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် (၇၅/အားကစားကွင်းရပ်)၊ ဦးပိုင်အမှတ် (၉၈)၊ မြေဧရိယာ ၀ဒသမ၁၁၀ကေရှိ မြေနေရာသည် ဦးကွေကြီး အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဦးကွေကြီးထံမှ ၂-၁-၂၀၀၄ ရက်နေ့တွင် ဒေါ်အေးငွေမှ စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ဒေါ်အေးငွေ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးလင်းထက်ထံမှ ၁၁-၈-၂၀၂၂ရက်တွင် ဒေါ်မိတုံထုဘု ၁/မစန(နိုင်)၀၂၄၄၅၇၇မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အိမ်ဝိုင်းမြေ လွှဲပြောင်း ရောင်းချခြင်းစာချုပ်ချုပ်ဆို၍ ဝယ်ယူပြီးဖြစ်သဖြင့် ဒေါ်မိတုံထုဘုမှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် (၇၅/အားကစားကွင်းရပ်)၊ ဦးပိုင်အမှတ် (၉၈)၊ မြေဧရိယာ ၀ဒသမ၁၁၀ကေရှိ မြေနေရာအား ဒေါ်မိတုံထုဘုအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန်အသစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၆၉၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ဗိုလ်တေဇလမ်း၊ အိမ်အမှတ် ၈၀၊ အခန်း အမှတ် (B/4)၊ မှန်ခန်းအပေါ်(၃လွှာ/တစ်မိုးအောက်အခန်း)၊ အကျယ်အဝန်း(၁၂ပေခွဲ x၅၀ပေ)၊ ကိုယ်ပိုင်မီတာ၊ရေမော်တာ အပါအဝင် တိုက်ခန်းအား ဦးမြတ်ပေါ် ၇/ဖမန(နိုင်)၀၆၀၃၄၁ မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချခြင်း၊ပေါင်နှံခြင်း၊အာမခံအဖြစ် တင်သွင်းခြင်း မရှိဘဲ အရှုပ်အရှင်း ကင်းရှင်းကြောင်း တာဝန်ယူ၍ ရောင်းချရာ ဒေါ်ခင်မမမျိုး ၁၂/သကတ(နိုင်) ၁၄၅၉၆၆ မှ ၁၁-၇-၂၀၂၂ရက်တွင် တိုက်ခန်းအပြီးသတ် အရောင်းအဝယ်စာချုပ် ပြုလုပ်၍ တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းမှာ ဒေါ်ခင်မမမျိုး ၁၂/ သကတ(နိုင်)၁၄၅၉၆၆ တစ်ဦးတည်းမှသာ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၂၂၀)**
**အမှတ် ၄၈/၅၀၊သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ပြည်သာယာလမ်း၊ မြေကွက်အမှတ် (၉၇၂/တ)၊ အကျယ်အဝန်းပေ (၁၀x၆၀)၊ ဒေါ်ခင်ဆွေအမည်ပေါက် နှစ် ၆၀ ဂရန်မိတ္တူမြေနှင့် အိမ်အပါဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဇော်အောင်လင်း ၁၂/ရပသ(နိုင်)၀၅၄၂၇၀မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်းမရှိဘဲ အရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူ၍ ရောင်းချရာ ဒေါ်အေးအေးသန့် ၁၂/ဗဟန(နိုင်)၀၀၀၄၄၄မှ ၃၀-၁၂-၂၀၂၂ရက်တွင် အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ် ပြုလုပ်၍ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေမှာ ဒေါ်အေးအေးသန့် ၁၂/ဗဟန(နိုင်) ၀၀၀၄၄၄ တစ်ဦးတည်းမှသာ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၂၀)**
**အမှတ်-၄၈/၅၀၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
## မိတ္ထီလာခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၅ နှင့် ဆက်နွှယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၇၅

ဒေါ်မာမာသန်း နှင့် (၁) ဒေါ်ပြုံး (၂) ဒေါ်မိုးမိုး (၃) ဒေါ်စိုးစိုး (၄) ဦးခင်မောင်ရင် (၅) ဒေါ်ပါရ်ဝတီ

**တရားနိုင်** **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ ပန်းတိမ်တန်း နယ်မြေနေ(၁) ဒေါ်ပြုံး(၂) ဒေါ်မိုးမိုး(၃) ဒေါ်စိုးစိုးနှင့် မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်နေ (၄)ဦးခင်မောင်ရင်၊(၅) ဒေါ်ပါရ်ဝတီ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် -၅၅တွင် အနိုင်ဒီကရီရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မာမာသန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်ဆင့်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ဖြေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်ရရှေ့နေနှင့်ဖြစ်စေ(သို့တည်းမဟုတ်) အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ရက်(၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် လည်းကောင်း ဤရုံးတော်ရှေ့ လာရောက်စေရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရန်နိုင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/3599 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ (၁၁)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၁၄၀)ဟုခေါ်တွင်သော ပေ (၆၀x၆၄)အကျယ်ရှိ မြေကွက်အား လက်ရှိထားပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မွန်မွန်သန့် ၁၃/ကလန(နိုင်)၀၆၅၄၂၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၈၄၂၃၇၉၅**

## ဒေါ်ဆုမွန်အောင်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက် အမှတ်-၁၀၊ ဗလ္လိက (၁၃)လမ်း၊ မြေကွက်အမှတ် (၂၈၄/က)နေထိုင်သူ ဦးဇော်မျိုးထက် ၁၂/ဥကတ(နိုင်)၁၅၇၈၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော်၏အမူသည်ဖြစ်သူ ဦးဇော်မျိုးထက်နှင့် ဒေါ်ဆုမွန်အောင် ၁၂/မရက(နိုင်)၁၄၉၉၀၄တို့သည် ၁၉-၁-၂၀၁၃ရက်တွင် လက်ထပ်ခဲ့ပြီး ခန့်သုတဇော် သားတစ်ဦး မွေးဖွားထွန်းကားခဲ့ပါသည်။ ယနေ့ချိန်ထိ ကျွန်တော်၏ အမူသည်ဖြစ်သူ ဦးဇော်မျိုးထက်နှင့် ဒေါ်ဆုမွန်အောင်တို့သည် တရားဝင် လက်ထပ်ပေါင်းသင်းနေသည့် အကြင်လင်မယားဖြစ်ပါသည်။ လက်ထပ်ပေါင်းသင်းသည့် ကာလတစ်လျှောက်လုံးတွင် အမှတ် (၁၀၀၈)၊ မင်္ဂလာသုခလမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ပေ (၂၃x၆၀)မြေကွက်နှင့် အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် (9R/2157) မော်တော်ယာဉ်တစ်စီးနှင့် အတွင်းလက်ဝတ်လက်စားများ လက်ထက်ပွားထွန်းကားခဲ့ပါသည်။

အဆိုပါ လက်ထက်ပွားပစ္စည်းများနှင့်ပတ်သက်၍ ဒေါ်ဆုမွန်အောင်သည် ကျွန်ုပ်အမူသည် ဦးဇော်မျိုးထက် သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်းများပြုလုပ်ခြင်းမပြုရန် ကျွန်ုပ်မှတစ်ဆင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မျိုးထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းကျော်သူ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၀၄)**
**အမှတ် (၈၈)၊ ဇေယျာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၈၈၇၇၇၈၆၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/57606, Dayang 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၈/ပခက(နိုင်) ၂၁၉၈၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/5088, NISSAN DIESEL PK 250 LN, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၁၂/တမန(နိုင်)၀၇၄၇၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ် (၃၊အလယ်ပိုင်း)ဦးပိုင် အမှတ်(၈၇-က)ဧရိယာ ၀ ဒသမ ၀၅၅ကေရှိ မြေအား ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာ အိမ်ရာ၊ တိုက် ၅၊ အခန်း ၃၀၁နေ ဒေါ်ခင်အေးမြင့် ၁၃/ ကလန(နိုင်)၀၁၇၄၆စမှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေနှင့် အိမ် အပြီးအပိုင် အရောင်းအဝယ် ကတိပြုစာချုပ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ထောက်ခံချက်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/9774 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊အမှတ်(၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆/ တောင်ပိုင်း)၊ ဦးပိုင်အမှတ် ၂၀/၅၄၈၊ မြေဧရိယာ ၀ဒသမ၂၀၀ ကေရှိမြေအား ဦးနေဝင်းနိုင်အမည်ဖြင့် လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 1/B၊ လူနေရပ်ကွက်အမှတ်-မြစိမ်းရောင်၊ မြေကွက်အမှတ် ၃၉၊၄၀၊ ၄၁၊ ၇၀၊ ၇၁၊၇၂၊ ဧရိယာ ၀ဒသမ ၈၇၈ကေ၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၃၉၊၄၀၊ ၄၁၊ ၇၀၊၇၁၊၇၂)၊ ပဒုံကျေးရွာလမ်း၊ အတွင်းပဒုံရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်ဥမ္မာမြင့် ၇/လပတ(နိုင်) ၀၀၁၈၇၀ မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ၂၉-၁၂-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အိမ် အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်အရ ကျွန်ုပ်မိတ်ဆွေက တန်ဖိုးငွေ အပြေအကျေပေးချေ၍ အပြီးအပိုင် ဝယ်ယူခဲ့ပြီး လက်ဝယ်ထားရှိစီမံခန့်ခွဲလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၃၄၁)**
**အမှတ် ၄၆၊ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက်နေ မသဲဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင် (ခ) ဦးစန်းအောင် ၉/ရမသ(နိုင်) ၀၀၄၉၇၇ ဖြစ်ပါကြောင်း။

## အများသိရှိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဘ)ဦးဟိတိန်၏ သားဖြစ်သူ ဦးသန့်ဇင် ၇/ပခန(နိုင်)၁၇၄၅၃၁ အမည်ပေါက်ဖြင့် ရရှိထားသော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ မြေတိုင်းအမှတ် (၂၄)၊ အမှတ်-၂၈၃၊ ဧရိယာ ၀ဒသမ၀၅၅ကေ မြေကွက်၏ နှစ် ၃၀ မြေငှားဂရန်မူရင်း စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ ဦးသန့်ဇင်မှ မြေငှားဂရန် မိတ္တူမှန် ပြန်လည်လျှောက် ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇင်**
**ဖုန်း-၀၉-၆၇၉၆၉၆၇၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၁၅ ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၆-က)၊ လမ်းမကျယ်အကွက်၊ ဦးပိုင်အမှတ် (၂)၊ ဧရိယာ ၀ဒသမ၀၃၅ကေရှိ ဦးအုန်းကြည် အမည်ပေါက် ပိုင်ဆိုင်သော အရှေ့-ဦးပိုင် (၈)၊ အနောက်-ဦးပိုင် (၁+၃+၄+၅)၊ တောင်-ဦးပိုင် (၆+၈) မြောက် ဗိုလ်မှူး ဖိုးကွန်းလမ်း အတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကွက်ကို ဒေါ်သဥ္ဇာကျော်၊ ဒေါ်သီရိကျော်၊ ဦးသီဟန်ထက်တို့မှ အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၃-၁၂-၂၀၂၂ ရက်မှ ၂၁-၁-၂၀၂၃ရက်အတွင်း ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## မော်တော်ယာဉ်တွင် မီးအပိုတပ်ဆင် အသုံးပြုခြင်းမရှိစေရေး အသိပေးနှိုးဆော်ချက်

၁။ မော်တော်ယာဉ်များတွင် မီးတပ်ဆင်ခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ ၄၆ နှင့် နည်းဥပဒေ ၄၇ တို့တွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

၂။ အချို့သောမော်တော်ယာဉ်များသည် မူလထုတ်လုပ်စဉ်ကတပ်ဆင်ထားသော မီးများနှင့် ဥပဒေအရ ခွင့်ပြုထားသော မီးများအပြင် မော်တော်ယာဉ်၏ အရှေ့၊ အပေါ်၊ အောက်၊ ဘေး(ဘယ်၊ ညာ) နှင့် အနောက်တို့တွင် မီးအပိုတပ်ဆင် အသုံးပြုလျက်ရှိခြင်း၊ မော်တော်ယာဉ်ငယ်များတွင် အလှဆင်မီးများ တပ်ဆင်ခြင်းကြောင့် အခြားမော်တော်ယာဉ်မောင်းနှင်သူနှင့် လမ်းအသုံးပြုသူများကို အနှောင့်အယှက်ဖြစ်စေကာ ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မော်တော်ယာဉ်များတွင် ဥပဒေအရ သတ်မှတ်ခွင့်ပြုထားသောမီးများမှအပ မီးအပိုတပ်ဆင်ခြင်း မပြုကြပါရန်နှင့် လိုက်နာခြင်းမရှိက ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

**English Speaking**
U Win Maw (Research)U.S.A
နိုင်ငံခြားသွားမည့်သူများအတွက်
(တစ်လခွဲသင်တန်း)
Online Class/09–795155324(မြေနီကုန်း)

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၄၁၊ နည်းဥပဒေ ၁၄) ပဲခူးခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ်–၉၅

ဒေါ်အေးအေးသန်း နှင့် ဦးသန်းဇော်ဦး

အယူခံတရားလို အယူခံတရားပြိုင်

ပဲခူးမြို့၊ မယင်းလေးအိမ်စုကျေးရွာ၊ အမှတ် ၁၄နေ အယူခံတရားပြိုင် ဦးသန်းဇော်ဦး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် အယူခံတရားလို ဒေါ်အေးအေးသန်းက တရားမ အယူခံမှု တင်သွင်းထားသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အမှုများကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ရက်(၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ အယူခံတရားလို၏ အယူခံချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ အယူခံအမှုကို ကြားနာ၍ အမိန့်ချမှတ်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ တိုက်အမှတ်(၉/A)ရှိ၊(၃)ခန်းတွဲ(၅)ထပ်တိုက်၏ ပထမထပ်(ခေါင်းရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမင်းကြွယ် ၁၂/ကမရ (နိုင်)၀၄၈၃၉၃ကသာလျှင် တရားဝင် ပိုင်ဆိုင်ပြီး အမွေစားအမွေခံ၊ အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းခဲ့ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း ၁၂/ကမရ(နိုင်)၀၁၃၆၀၈ က ၇–၆–၂၀၁၆ရက်စွဲပါ ကန်ထရိုက်တိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူကာ လက်ရောက်ရယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းသည် အခြားမည်သူ တစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်း မရှိဘဲ ကျွန်ုပ်၏ မိတ်ဆွေဒေါ်တင်တင်ဝင်း တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် တိုက်ခန်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရတနာစိုး**
**အထက်တန်းရှေ့နေ (စဉ်–၅၄၅၅၂)**
**အမှတ် ၃၄၊ ဝန်ဇင်းလမ်း၊(၂)ရပ်ကွက်၊**
**မရန်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အေးနန္ဒာအိမ်ရာ၊ တိုက်အမှတ် ၆၂၊အခန်း အမှတ် ၁၀၂ ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်လင်း ၁၂/မရက(နိုင်)၀၉၆၄၇၂ က ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ်(ဒ–၃၀၇၆၁)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်မိမိခိုင်(ဘ)ဦးမောင်မြင့် ၁၂/ကတတ(နိုင်)၀၀၅၂၈၄ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မိမိခိုင်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၅၄၀/၂၀၂၁)၊ (၇–၁၀–၂၀၂၁)ရရှိထားသူ ဦးကျော်သန်း(ဘ)ဦးတင်ဆောင် ၉/ပမန(နိုင်) ၁၅၄၅၃၆ မှ ဒေါ်စန္ဒာ(ဘ)ဦးအုန်းကြွယ် ၈/ပခက(နိုင်)၀၇၆၁၀၆နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/1398, Ford Ranger, Pick Up(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးစောဖရင်းခေ ၁၂/အစန(နိုင်)၁၆၉၁၉၇က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/1724, Cheng Long (LZ 3123M3AA), Dump Truck (4x2)L ယာဉ်အမည်ပေါက်သူ ဒေါ်မြင့်ရွှေ ၁၂/တတန(နိုင်)၀၆၀၅၃၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/76146, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေကြည်ဦး ၁၄/မမက(နိုင်)၁၄၂၀၄၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/83463, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၄/မအပ(နိုင်)၁၇၂၀၈၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ အောင်ပန်းလမ်း၊ မြေကွက်အမှတ် (၆၃/ခ)၊ ပေ (၂၀x၆၀)ရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေချပါမစ်မူလ အမည်ပေါက် ဒေါ်ဥမ္မာမြင့်ထံမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဇေလတ် ၇/ပခန(နိုင်)၁၈၇၂၄၁မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးခင်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းထူး LL.B** — **ဦးဇော်မိုးလွင် LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၁၅) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၇၄)**
**ရုံး–ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၄၄၄၃၅၃၅၃၊ ၀၉–၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၁၇)၊ အခန်းအမှတ် (၁၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ကြည် ၁၂/ကမရ(နိုင်)၀၁၆၅၆၀သည် ၁၃–၆–၂၀၁၇ ရက်တွင် ကွယ်လွန်သွားခဲ့ပါကြောင်းနှင့် ၎င်း၏အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြုလုပ်ပေးပါရန် ၎င်း၏သမီးအရင်းဖြစ်သူ ဒေါ်နွယ်နီဝင်း ၁၂/မရက(နိုင်)၀၁၅၇၂၈က ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ စောလှဘော်လမ်း၊ အမှတ် (၆၆၈)နေ (ဘ) ဦးအာကာကျော် ၁၂/ဒဂမ(နိုင်)၀၀၈၂၃နှင့် (မိ) ဒေါ်စုမြတ်လှိုင် ၁၂/လမန(နိုင်)၁၂၅၆၆၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအာကာကျော်နှင့် ဒေါ်စုမြတ်လှိုင်တို့၏ သားဖြစ်သူ မောင်စောလင်းထက် ၁၂/ဒဂမ(နိုင်)၀၂၈၇၆၆နှင့် သမီးဖြစ်သူ မဆုရည်မွန် ၁၂/ဒဂမ(နိုင်)၀၃၅၃၇၁တို့သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲမိခင်၊ဖခင်တို့အားစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘများမှ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်အဝဝများကို ဆောင်ရွက်နေသည့်အတွက် သား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်စောလင်းထက်၊ မဆုရည်မွန်တို့နှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအာကာကျော်(ဖခင်)**
**ဒေါ်စုမြတ်လှိုင်(မိခင်)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါစံ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၃၁၅၀)**
**အမှတ် (၄၇၉)၊ အောက်ပုဇွန်တောင်လမ်း၊**
**(၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၂၁၀၁၅၂၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/56956, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီမော် ၁၄/ဖပန(နိုင်)၀၉၇၁၂၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J / 5598, MITSUBISHI MINICAB, PICK Up ယာဉ်လက်ဝယ်ရှိသူ ဦးတိုးတိုးဝင်း ၅/စကန(နိုင်)၁၆၁၉၆၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊အေးသာယာရပ်ကွက်၊ မဥ္ဇူ စလမ်း၊ အမှတ်(A–၁၄၆) ဟု ခေါ်တွင်သော ဦးမင်းသိန်း အမည်ဖြင့် စလစ်ပြေစာ အမည်ပေါက် ပေ(၄၀x၆၀)အကျယ်ရှိ မြေကွက်အနက်မှ မြောက်ဘက်ခြမ်း ပေ(၂၀x၆၀)ရှိ မြေကွက်ကို လက်ရှိထား ပိုင်ဆိုင်လျက် အရှုပ်အရှင်း ကင်းရှင်းပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးစည်သူထွန်း ၁၂/သခန (နိုင်) ၀၉၈၁၀၉၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၇၅၀)**
**ဖုန်း–၀၉–၄၃၀၇၃၄၂၆၊ ၀၉–၇၉၉၄၂၃၇၉၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ–၃၀၇၆၃)၊ မြေဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဒေါ်မိမိခိုင် (ဘ)ဦးမောင်မြင့် ၁၂/ကတတ(နိုင်)၀၀၅၂၈၄ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို ဒေါ်မိမိခိုင်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် (၁၅၄၁/၂၀၂၁)၊ (၇–၁၀–၂၀၂၁)ရရှိထားသူ ဦးကျော်သန်း (ဘ)ဦးတင်ဆောင် ၉/ပမန(နိုင်) ၁၅၄၅၃၆မှ ဒေါ်ဥမ္မာဝင်း (ဘ)ဦးခင်မောင်ဝင်း ၈/ရစက(နိုင်)၂၄၂၅၀၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း (တောင်) ရပ်ကွက်၊ ရွှေလောင်းလမ်း၊ မြေကွက်အမှတ် (၃၉)မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ (၆–လွှာ)ခြေရင်းခြမ်း၊ အကျယ်အဝန်း (၁၂.၅x၅၀)ပေ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရဲခေါင်မြင့်နှင့် ဒေါ်မိုးမိုးကျော်တို့မှ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသောကြောင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးမမကျော် ၉/ရမသ(နိုင်)၁၀၃၆၉၃က ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းနှင့်တကွ ပြသကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်အား ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမမကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းကျော်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၇၄၀၄)**
**အမှတ် (၈၈)၊ ဇေယျာလမ်း၊ ၁၀–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၈၈၇၇၇၈၆၃၅**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊မြင်းတဲကြီးအုပ်စု၊မြင်းတဲကြီး(တ)ရွာနေ မမိုးပွင့်ဦး ၈/နမန(နိုင်)၁၈၅၇၃၈၏ ဖခင်အမည်မှန်မှာ ဦးဝင်းဦး ဖြစ်ပါကြောင်း။

**ဦးဝင်းဦး**
**၈/နမန(နိုင်)၁၃၂၉၃၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေလင်းအောင် ၁၂/ဒဂတ(နိုင်)၀၅၃၈၂၈ ၏ PSC/RP သင်္ဘောသား လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဖုန်း–၀၉–၂၅၃၅၄၅၀၆၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဗျက်မွန်းဆန် ၄/ဟခန(နိုင်)၀၄၀၈၉၁၏ နိုင်ငံကူးလက်မှတ်နံပါတ် MB767367 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၅၂၃၂၄၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/2219 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/8821, Toyota Hilux Revo GU NL 25L ယာဉ်လက်ဝယ်ရှိသူ Line Tech International Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/83435, Suzuki Viva–110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာရီ ၈/ပခက(နိုင်)၀၁၇၅၉၉ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပခုက္ကူ)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းအား အမည်ပေါက်ထံမှ ဝယ်ယူထားသူက အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁ | ဦးစိန်မြင့် ၁၂/သဃက(နိုင်)၀၂၁၈၂၆(မှ) | ဒေါ်သက်သက်နိုင် ၁၄/ဟသတ(နိုင်)၁၈၀၃၂၄ | တိုက် (၄)၊ အခန်း (၁၁)၊ ဆောင်းဟေမာန် အိမ်ရာ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လ ၃၁ ရက်)

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ကျင်းပမည့် (၄၆)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၄၃၈၉၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၄၃၈၉.၀၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၃၀၇၂.၃၀၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၁၂၅.၀၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၃) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၇) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၁) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၁) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၆၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၁၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၂၅.၀၅၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၂) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၁၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၁၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေ စုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၄၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၁-၂၀၂၃) ရက်နေ့(တနင်္ဂနွေနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။


**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အထွေထွေအစည်းအဝေး တက်ရောက်ရန် အကြောင်းကြားခြင်း**

**Natray Wellness Co., Ltd နက်ရေးဝဲ(လ်)နက်(စ်) ကုမ္ပဏီလီမိတက်**
**(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

Natray Wellness Co.,Ltd နက်ရေးဝဲ(လ်)နက်(စ်) ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ-၁၁၅၄၄၃၃၂၁ (၃-၄-၂၀၁၅)အား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေတို့နှင့်အညီ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုလုပ်ရန်အတွက် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး တတ်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်-

**ကျင်းပမည့်ရက်နှင့်အချိန်** - **၂၀၂၃ခုနှစ်၊ ဇန်နဝါရီ ၂ရက်၊ မွန်းတည့် ၁၂နာရီ**
**Meeting Link** - **https://us04web.zoom.us/j/77092242839?pwd=Wup9H4PpA4XZ3F4_227Vaiq_jBx8AJ.1**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၆၊ မြေကွက်အမှတ်(၂၃၀)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးအောင်ကျော်ဦး အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်နိုင်ရွှေ (LL.B., D.B.L)** **ဦးရဲဝဏ္ဏ (LLB)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၆၇၆၆)** **(စဉ် ၁၂၉၅၂)**
**တိုက်(၁၀/၁၂)အခန်း(၁၀၄/ဈ)၊ (ပ)ထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၆၁၆၃၀**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အေးနန္ဒာအိမ်ရာ၊ တိုက်အမှတ် (၆၆၂)၊ အခန်းအမှတ် (၀၀၂)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းညွန့် ၅/မရန(နိုင်)၀၃၈၉၂၁သည် (၁၃-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါကြောင်းနှင့် ၎င်း၏အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြုလုပ်ပေးပါရန် ၎င်း၏ညီမအရင်းဖြစ်သူ ဒေါ်မြင့်မြင့်သိန်း ၁၂/မရက(နိုင်)၀၉၆၄၇၃ က ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီ(၁၇)လမ်း၊ တိုက်အမှတ် (၁၀၈၁/က)(၄)လွှာ၊ (တတိယထပ်)ခန်းဟုခေါ်တွင်သော အလျား (၁၈)ပေ x အနံ (၅၅) ပေအကျယ်ရှိ ဦးမျိုးညီညီ ၁၃/တကန(နိုင်)၁၉၅၈၅၈ အမည်ပေါက် တိုက်ခန်းတစ်ခန်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဦးမျိုးညီညီ၏ဇနီး ဒေါ်မိုးနှင်းသက် ၁၃/ညရန(နိုင်)၁၇၉၂၃၆မှ ရောင်းချပိုင်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် သဘောတူညီလျက် တိုက်ခန်းရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့အဝက် ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ထူး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၉၇)**
**First Grace Law Firm**
**ရုံးခန်း-အမှတ် (၅၇)၊ အခန်း (၀၀၄)၊ အဝေရာအိမ်ရာ(၂)၊ သမာဓိလမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၄၂၂၄၅၇၅၂၉**

**အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ်(၂၃၀)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ ပေ(၄၀x၆၀)အကျယ် မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ပေ(၁၀x၆၀)အကျယ်မြေကွက်နှင့် နေအိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးမင်းသိန်းထိုက် ၈/ပခက(နိုင်)၂၃၆၁၂၀ က ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မျိုးညွန့် ၅/ဒပယ(နိုင်)၀၈၀၁၀၅ က ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတစ်ချို့တဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသော်ဇင် LL.B(၁၆၇၁၃)** **ဦးငြိမ်းချမ်းထွေး LL.B (၁၆၇၄၆)**
**(တရားလွှတ်တော်ရှေ့နေ )** **(တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း-၀၉-၄၃၀၆၄၂၈၁** **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂**
**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/8671 Daihatsu Hijet S 200P p/u(4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးရဲလင်းဇော် ၁၁/စတန(နိုင်)၀၇၅၃၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ်(၇၄၆/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ဦးလှအောင် အမည်ပေါက်ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်လွင် ၁၂/လမန(နိုင်)၀၇၅၉၄၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်နိုင်ရွှေ (LL.B,D.B.L)** **ဦးရဲဝဏ္ဏ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၆၆) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၂)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဈ)၊ (ပ)ထပ်၊ ၃၅-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ -၄၄၃၁၆၁၆၃၀**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ-ခ)၊ မြေကွက်အမှတ်(၄/၂၈ကာယ(၈)လမ်းအကျယ်အဝန်း( အလျား 101'.0"/100'.0" X အနံ 100'.0"/ 99'.0") ပေ ဧရိယာ ၀ ဒသမ ၂၂၉၅ဧက၊ စတုရန်း ၉၉၉၉ ဒသမ ၇၅ပေရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ယခုရောင်းချသူ ဦးအောင်၁၂/ဒဂန(နိုင်)၀၀၉၉၀၆ အမည်ပေါက်တည်ရှိပြီး အဆိုပါမြေကွက်နှင့်ပတ်သတ်၍ အကျိုးခံစားခွင့် အရပ်ရပ်အား ၎င်းမှမိမိတရားဝင်ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဂျိုးဇက် ၁၂/ဥကမ(နိုင်)၁၅၂၀၂၄က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်ဖြူနိုင် LLB, D.B.L, DML**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇) တိုက်-(အေ-၂)၊ အခန်း(၁၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊ ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ပျဉ်းမလမ်း၊ အမှတ်(၁၂)၊ စတုတ္ထထပ်(ခေါင်းရင်းခန်း) ဧရိယာ (၁၂ × ၄၈)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင် အကျိုးခံစားလျှက်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ မြေရှင်ဒေါ်ခင်ခင်ထွန်း (၁၂/ဒဂမ(နိုင်) ၀၂၂၀၂၅)နှင့် ဦးစောလှိုင်(၁၂/ဒဂမ(နိုင်) ၀၅၇၄၁၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ဒေါ်ပန်းအိမ့်ဖြူ (၁၂/ဥကမ(နိုင်) ၁၈၅၉၄၀)၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပြည့်ဖြိုးလွင်(LL.B,D.B.L,D.I.L,D.M.L) | ဒေါ်မြသန္တာ(စဉ်-၄၆၇၁၂)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၅/၂၀၁၈) | ဒေါ်သင်းစုလှိုင်(စဉ်-၅၄၃၉၂)
အထက်တန်းရှေ့နေများ

**Pyi Thu Yadanar Law Firm Co.,Ltd**

အမှတ်(၁၁၂)၊ အခန်း-၁၆၊ ပထမထပ်၊ ပြည်လမ်းမ၊ ၈ မိုင်၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၇၇၇၇၅၆၇ ၄၂၊ ၀၉ ၄၄ ၆၆၆၆ ၂၇၆၊ ၀၉ ၄၄ ၆၆၆၆ ၂၇၅

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅/ သမိုင်း)၊ မြေကွက်အမှတ် - ၆၊ ဧရိယာ(၀.၂၁၈)ဧကနှင့် မြေကွက်အမှတ် - ၇၊ ဧရိယာ ၀ ဒသမ ၁၉၁ ဧကရှိ နှစ်(၆၀) မြေငှားဂရန်စာချုပ်အမျိုးအစား မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ Palm Court အိမ်ရာအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ဖော်ပြပါမြေကွက် (၂)ကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အဆိုပါမြေကွက်များ၏ဂရန်အမည်ပေါက်ဖြစ်သူ ဦးစစ်သွေးအောင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးနိုင် ၁၂/ဒဂန(နိုင်)၀၂၃၀၁၅က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးစိုးပိုင် | ဒေါ်တင်တင်ညို
LL.B.,D.B.L.,D.M.L | LL.B.,D.B.L.,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၈၈) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၈၉)

အမှတ်-၁၀/၁၂(ပထမထပ်)၊ အခန်းအမှတ် - ၁၀၄(အီး)၊ ၃၅-လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၉ - ၅၁၅၉၆၃၉၊ ၀၉ - ၇၈၇၉၉၄၃၀၉၊ ၀၉ - ၄၄၃၁၀၈၀၂၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ကျွန်မ ဒေါ်စုစုတင် ၁၂/မရက(နိုင်) ၁၄၀၈၁၁၏ဖခင် ဦးအောင်မျိုး (ခ) ဦးအောင်မျိုးလွင်သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးအောင်မျိုး (ခ) ဦးအောင်မျိုးလွင်**
**၁၂/သဃက(နိုင်)၀၈၉၆၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လွင်မောင်ဦး ၈/နမန(နိုင်) ၁၄၈၉၆၄၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉-၂၅၄၁၇၄၈၈၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းငဲနန်း ၁၃/ကတလ (နိုင်)၀၁၉၄၅၈၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၄၉၈၁၁၂**

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက(၁)၊ Grade(2)B မှ မဆောင်းသံစဉ်၏ မွေးသက္ကရာဇ်မှန်မှာ ၃-၁၁-၂၀၁၄ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမနီလာ ၁၃/ကတလ(နိုင်) ၀၁၇၂၅၆၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၄၄၉၇၉၄၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေ အမိန့် -၅၊ နည်းဥပဒေ-၂၀)
### ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၉၅

ဦးစိုးမင်းထွေး | နှင့် | ၁။ ဒေါ်မြင့်ရီ
 | | ၂။ ဦးမြင့်သိန်း
တရားလို | | တရားပြိုင်များ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဝန်ထမ်းအိမ်ရာနေ (ယခုနေရပ်လိပ်စာမသိ)အမှတ် (၁)တရားပြိုင်ဒေါ်မြင့်ရီ(ဘ) ဦးသိန်းရွှေနှင့် အမှတ်(၂) တရားပြိုင် ဦးမြင့်သိန်း တို့သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဦးစိုးမင်းထွေးက မြေငှားဂရန်စာအုပ် ထုတ်ယူပိုင်ခွင့်ရှိသူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( စိုးလှိုင်ထွန်း )
မြို့နယ်တရားသူကြီး
ပုဗ္ဗသီရိမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁)၊ မြေကွက်အမှတ်(၈၄) ပန်းဝါ(၁)လမ်း၊ ပါမစ်မြေအမျိုးအစား မြေကွက်အားအမည်ပေါက်မှာ ဗိုလ်ကြီးလှမော်ဖြစ်ပြီး၊ မြေကွက်၏ မျက်နှာမူရာဘယ်ဘက်ခြမ်း၊ အလျား (၂၀ပေ x အနံ၆၀ပေ)အား ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်မြင့်မွန် ၁၂/မဘန(နိုင်) ၀၅၀၂၂၈ မှ လက်ဝယ်ထားရှိကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မေဆန်းမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်နှင်းအေး(LLB,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၈၇)
အမှတ် - ၁၀၄၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ဖုန်း-၀၉-၇၉၅၇၃၇၂၉၉

## တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက် ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ တတိယအကြိမ်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက် ပိုင်ဆိုင်သော အောက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦများအား မျက်မြင်မြေပြင်ရှိ အနေအထားအတိုင်း ချိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) ပုသိမ်မြို့၊ အမှတ်(၁၅)နယ်မြေ၊ ကွင်းအမှတ်၁၆၃(A)၊ မြေနီကွင်း ဦးပိုင်အမှတ် (၂၂ က/၁)၊ ဧရိယာ ၁ ဒသမ ၆၉ မှ ၀ ဒသမ ၇၉ ဧက မြေပေါ်တွင် တည်ဆောက်ထားသည့်(အလျား၅၆ ပေxအနံ ပေ၃၀x အမြင့် ၁၂ပေ) (၁) ထပ် အုတ်ပတ်ကာအဆောက်အဦ၊ (၇၂'x၂၈' 6 Unit One ၁၇'x၂၄') ရောဦး Removation Averoo Guest House၊ Transformer (1) 11/04 Kv50Kv နှင့်တည်းခိုခန်းလုပ်ငန်းသုံး ပစ္စည်းများအားလုံး

(ခ) ပုသိမ်မြို့၊ ကမ်းနားလမ်း၊ အမှတ်(၂)နယ်မြေ၊ ထုံးဘိုရပ်ကွင်းအမှတ် (၆၀)၊ ထုံးဘိုဦးပိုင်အမှတ်(၁/၅၁၊ ၅၂၊ ၅၃)၊ ဧရိယာ ဧက ၀ ဒသမ ၁၇မြေပေါ်တွင် တည်ဆောက်ထားသည့်(အလျား၃၀'xအနံ၂၀'x အမြင့်၂၅')(၂ထပ်တိုက်)နှင့်မြေကွက်အပါအဝင် ခြံဝင်းအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများ

(ဂ) ရောဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ပိုင် လပွတ္တာမြို့၊ လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းထောင့် (အလျား၃၇'x အနံ ၄၆' x အမြင့်၅၅') အုတ်ခင်းအုပ်ကာ သွပ်မိုး (၄ ထပ် ၅ လွှာ) အဆောက်အဦ

၂။ **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၁-၁-၂၀၂၃ ရက်မှ ၄-၁-၂၀၂၃ ရက်

**လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၄-၁-၂၀၂၃ ရက်၊ ၁၆:၀၀ နာရီ

**လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - ရောဝတီတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် ရွှေစေတီလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပုသိမ်မြို့

၃။ အာမခံစပေါ်ငွေသိန်း(၅၀၀)ပေးသွင်းပြီး ပေးသွင်းထားသည့်အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့၊ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့်အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် (၄-၁-၂၀၂၃)(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ရောဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ရုံးတွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ လေလံလျှောက်လွှာပိတ်သိမ်းပြီး နောက်နေ့(၂၅. ၁. ၂၀၂၃)ရက် (၁၀း၀၀) နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-(၀၉-၅၂၀၁၄၁၃၉၊၀၉-၈၅၅၀၅၈၇၊ ၀၉-၅၂၀၂၁၇၉၊ ၀၉-၄၂၄၇၇၆၀၄၊ ၀၉-၄၂၂၅၄၅၈၇၄)**

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

